ကန်ရွာကျေးရွာ

ကန်ကြီးထောင့်မြို့နယ်

# ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်

# (၂၀၁၈-၂၀၂၂)



ပြုစုရေးဆွဲသူ

ကျေးရွာဖွံ့ဖြိုးရေးကော်မတီ

ကန်ရွာကျေးရွာ၊ ကန်ကြီးထောင့်မြို့နယ်

(စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊
ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကူညီရေးဆွဲသည်)

၂၀၁၈ ခုနှစ်၊ မေ လ

## မာတိကာ


မာတိကာ ၁

အတိုကောက်စကားလုံးများ ၅

စကားချီး ၆

ကန်ရွာကျေးရွာအရင်းအမြစ်ပြမြေပုံ၊ ကန်ကြီးထောင့်မြို့နယ် ၈

**အပိုင်း(က) ကျေးရွာဖွံ့ဖြိုးရေးဗျူဟာ နှင့် အစီအစဉ် ၉**

**(၁) နိဒါန်း- ကျေးရွာဖွံ့ဖြိုးရေးရည်ရွယ်ချက်နှင့် လွှမ်းခြုံသက်ရောက်မှု ၉**

(က) ရည်ရွယ်ချက်နှင့်ကျိုးကြောင်းဖော်ပြချက်

(ခ) စီမံကိန်း၏ လွှမ်းခြုံသက်ရောက်မှု

**(၂) ကျေးရွာ၏ ပထဝီဝင် အနေအထားနှင့် သဘာဝအရင်းအမြစ်များ ၁၁**

(က) တည်နေရာ၊ ရာသီဥတုနှင့် မြေမျက်နှာသွင်ပြင် အနေအထား

(ခ) သဘာဝအရင်းအမြစ်များ

**(၃) ကျေးရွာ၏ လူမှုဖွံ့ဖြိုးတိုးတက်ရေး အခြေအနေ ၁၂**

(က) လူဦးရေဆိုင်ရာ အချက်လက်များ

(ခ) စီးပွားရေးအခြေအနေ - ဝင်ငွေ၊ ပိုင်ဆိုင်မှုနှင့် မမျှတမှု

(ဂ) ဆင်းရဲနွမ်းပါးမှုနှင့် ထိခိုက်နစ်နာလွယ်မှု

(ဃ) ကျန်းမာရေး နှင့် အာဟာရ

(င) ပညာရေးနှင့်ကျွမ်းကျင်မှုများ

(စ) ကျားမဆိုင်ရာဆက်နွယ်မှု

**(၄) ကဏ္ဍအသီးသီး၏လက်ရှိ ဖွံ့ဖြိုးတိုးတက်မှု အခြေအနေ ၁၅**

(က) ဖွံ့ဖြိုးရေးဆိုင်ရာ စီမံအုပ်ချုပ်မှုစနစ်

(ခ) သီးနှံ၊ သားငါး ထုတ်လုပ်ရေးကဏ္ဍ

(ဂ) စိုက်ပျိုး မွေးမြူရေးမဟုတ်သော အသက်မွေးဝမ်းကျောင်းလုပ်ငန်းများ

(ဃ) ပတ်ဝန်းကျင်နှင့် သဘာဝအရင်းအမြစ်များဆိုင်ရာစီမံခန့်ခွဲမှု

(င) ဘဏ်နှင့်ငွေကြေးဆိုင်ရာ ဝန်ဆောင်မှု

(စ) ပညာရေး၊ ကျန်းမာရေး၊ ရေနှင့်ပတ်ဝန်းကျင်သန့်ရှင်းရေး

(ဆ) လူငယ်နှင့် ယဉ်ကျေးမှု

(ဇ) အခြေခံအဆောက်အဦများအားလက်လှမ်းမီမှု - လမ်းတံတား၊ လျှပ်စစ်စွမ်းအား၊

သတင်းနှင့် ဆက်သွယ်ရေး

(ဈ) တည်ငြိမ်အေးချမ်းမှုနှင့် ပြည်သူ့လုံခြုံရေး

**(၅) ကျေးရွာဖွံ့ဖြိုးတိုးတက်မှုကိုအထောက်အပံ့ဖြစ်စေသော အခြေအနေကောင်းများ၊ အဟန့်အတားများနှင့် ကျော်လွှားရမည့် စိန်ခေါ်မှုများ** ၂၀

(က) ဖွံ့ဖြိုးတိုးတက်မှုကို အထောက်အပံ့ဖြစ်စေသော အခြေအနေကောင်းများ

(ခ) အဟန့်အတားများနှင့် ကျော်လွှားရမည့် စိန်ခေါ်မှုများ

**(၆) ကျေးရွာဖွံ့ဖြိုးရေး ပန်းတိုင်နှင့် ဗျူဟာ** ၂၂

**(၇) ကျေးရွာဖွံ့ဖြိုးတိုးတက်မှု ကိစ္စရပ်များနှင့် ဗဟိုအဆင့်မူဝါဒများအကြား အစီအစဉ်ကျသော ချိတ်ဆက်မှုများ** ၂၃

**(၈) ဦးစားပေးစီမံချက်များနှင့် အကောင်အထည်ဖော်ဆောင်ရွက်မည့် အချိန်ကာလ** ၂၅

(က) နှစ်ပတ်လည် ကျေးရွာဖွံ့ဖြိုးရေး အစီအစဉ်

(ခ) ကဏ္ဍ နှင့် ရင်းနှီးမြုပ်နှံမှုကိုအခြေခံ၍ စီမံချက်အုပ်စုသတ်မှတ်ခြင်း

(ဂ) ဦးစားပေး စီမံချက်များ

(ဃ) အကောင်အထည်ဖော်မည့် အချိန်ကာလ

**(၉) ဘတ်ဂျက်နှင့် ငွေကြေးဆိုင်ရာ အစီအစဉ်** ၂၈

**(၁၀) ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများ အကောင်အထည်ဖော်မည့် နည်းလမ်းနှင့်အစီအစဉ်များ** ၂၉

(က) ကျေးရွာဖွံ့ဖြိုးရေးကော်မတီ၏ အခန်းကဏ္ဍ

(ခ) ဖွံ့ဖြိုးရေး မိတ်ဖက် အဖွဲ့အစည်းများ

(ဂ) ကန်ထရိုက်နှင့် ဝန်ဆောင်မှုပေးသည့် အဖွဲ့အစည်းများ

(ဃ) ကျေးရွာ၏ ဖွံ့ဖြိုးရေးလုပ်ငန်းများလည်ပတ်ရန် နှင့် ပြုပြင်ထိန်းသိမ်းရန်အတွက် အဖွဲ့အစည်းဆိုင်ရာနှင့် ငွေကြေးဆိုင်ရာ အစီအစဉ်များ

**(၁၁) စီမံကိန်းကြီးကြပ်စစ်ဆေးခြင်းနှင့်အကဲဖြတ်သုံးသပ်ခြင်း** ၃၁

(၁၁-၁) ကြီးကြပ်စစ်ဆေးခြင်း

(၁၁-၂) နှစ်ပတ်လည် ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်း ဆောင်ရွက်ပြီးစီးမှု အကဲဖြတ်ခြင်း

(၁၁-၃) နည်းပညာဆိုင်ရာ အကူအညီ

**နောက်ဆက်တွဲ**

**နောက်ဆက်တွဲ (၁) စီမံကိန်းဇယားများ** ၃၃

**(၁) လူမှုစီးပွားရေး အခြေအနေ**

ဇယား ၁ လူဦးရေ နှင့် လူဦးရေဆိုင်ရာ အချက်အလက်များ

ဇယား ၂ လုပ်သား အင်အား နှင့် ဝင်ငွေရ လုပ်ငန်း အမျိုးအစား

ဇယား ၃ လုပ်ငန်းနှင့် ကျား၊ မအလိုက် အနည်းဆုံးနှင့် အများဆုံး လုပ်အားခနှုန်းထား

ဇယား ၄ ကျေးရွာ၏စိုက်ပျိုးမြေပိုင်ဆိုင်မှု

ဇယား ၅ ဓာတ်သတ္တုနှင့် အခြားသဘာဝ အရင်းအမြစ်များ

ဇယား ၆ ဥစ္စာဓနအဆင့် အခြေအနေ

ဇယား ၇ ချေးငှားခြင်းမရှိဘဲ တစ်နေ့လျှင် အနည်းဆုံး နှစ်နပ်စားနိုင်သည့်အိမ်ထောင်စု များ

ဇယား ၈ ကူညီစောင့်ရှောက်မှုအထူးလိုအပ်သော အုပ်စုများ၏ထိခိုက်လွယ်မှုအခြေအနေ

ဇယား ၉ ကျေးရွာ၏ ထိခိုက်သက်ရောက်လွယ်မှု အခြေအနေ

ဇယား ၁၀ ထိခိုက်သက်ရောက်မှုခံရနိုင်သည့်သူများ

## (၂) ကဏ္ဍာအသီးသီး၏လက်ရှိ ဖွံ့ဖြိုးရေး အခြေအနေ

ဇယား ၁၁ ကျေးရွာတွင်းရှိ လူထုအခြေပြု အဖွဲ့အစည်းများ

ဇယား ၁၂ ကျေးရွာဖွံ့ဖြိုးရေးဆောင်ရွက်နေသော ပြင်ပအဖွဲ့အစည်းများ

ဇယား ၁၃ ကျေးရွာ၏စိုက်ပျိုးမြေပိုင်ဆိုင်မှု၊ မြေယာပိုင်ဆိုင်သည့် အိမ်ထောင်စု

ဇယား ၁၄ ကျေးရွာ၏ ရေအရင်းအမြစ် နှင့် ရေသွင်းဧရိယာ

ဇယား ၁၅ အဓိကသီးနှံများနှင့် အထွက်နှုန်း

ဇယား ၁၆ ကျေးရွာ၏ စိုက်ပျိုးရေးသုံး ကိရိယာများ ပိုင်ဆိုင်မှု

ဇယား ၁၇ သီးနှံထုတ်လုပ်မှု တိုးစေရန်အတွက် အခွင့်အလမ်းများ

ဇယား ၁၈ သီးနှံထုတ်လုပ်မှုအတွက် ပြဿနာနှင့် စိန်ခေါ်မှုများ

ဇယား ၁၉ မွေးမြူရေးနှင့်ငါးလုပ်ငန်းဆောင်ရွက်မှုအခြေအနေ

ဇယား ၂၀ မွေးမြူရေးနှင့် သားငါးထုတ်လုပ်မှုတိုးတက်စေရန်အတွက် အခွင့်အလမ်းများ

ဇယား ၂၁ မွေးမြူရေးနှင့် သားငါးထုတ်လုပ်မှုတိုးတက်စေရန်အတွက် ပြဿနာနှင့် စိန်ခေါ်မှု များ

ဇယား ၂၂ စိုက်ပျိုးမွေးမြူရေးမဟုတ်သော အသက်မွေးလုပ်ငန်းများအတွက် အခွင့်အလမ်း များ

ဇယား ၂၃ စိုက်ပျိုးမွေးမြူရေးမဟုတ်သော အသက်မွေးလုပ်ငန်းများအတွက် ပြဿနာနှင့် အခက်အခဲများ

ဇယား ၂၄ ရွှေ့ပြောင်းသွားလာမှု ဖြစ်ပေါ်လာပုံ၊ ပုံစံနှင့် အချိန်ကာလ

ဇယား ၂၅ ရွှေ့ပြောင်းသွားလာရခြင်း၏ အဓိက အကြောင်းရင်း

ဇယား ၂၆ ရွှေ့ပြောင်းလုပ်ကိုင်သူများမှပြန်ပို့ငွေ

ဇယား ၂၇ ကုန်စည်နှင့် ဝန်ဆောင်မှု၊ ဈေးကွက်လက်လှမ်းမီမှု အခြေအနေ

ဇယား ၂၈ ငွေကြေးလက်လှမ်းမီမှုနှင့် ဘဏ်လုပ်ငန်း

ဇယား ၂၉ သဘာဝပတ်ဝန်းကျင်နှင့်သဘာဝရင်းမြစ်စီမံခန့်ခွဲမှုအတွက်လက်ရှိအလေ့ အကျင့်နှင့် အခက်အခဲများ

ဇယား ၃၀ မူလတန်း၊ အလယ်တန်း၊ အထက်တန်းနှင့် တက္ကသိုလ်အဆင့် စာတတ်မြောက်မှုနှုန်း
ဇယား ၃၁ ကျောင်းတက်နှုန်း
ဇယား ၃၂ စာသင်ကျောင်းဆောင် အခြေအနေနှင့် ဝန်ဆောင်မှုများ
ဇယား ၃၃ ပညာရေး အခက်အခဲနှင့် ပြဿနာများ
ဇယား ၃၄ အဖြစ်များသော ရောဂါများ
ဇယား ၃၅ လွန်ခဲ့သော (၁၂) လအတွင်း ကာကွယ်ဆေးထိုးနှံမှုနှင့် အာဟာရဆန်းစစ်မှု
ဇယား ၃၆ ကျန်းမာရေး အထောက်အပံ့နှင့် ဝန်ဆောင်မှုများ
ဇယား ၃၇ သောက်သုံးရေရရှိနိုင်မှု
ဇယား ၃၈ အိမ်သာ အမျိုးအစား
ဇယား ၃၉ ကျား-မ ကိစ္စရပ်ဆိုင်ရာ
ဇယား ၄၀ ကျေးရွာ၏ လမ်းတည်ရှိမှုအခြေအနေ
ဇယား ၄၁ ကျေးရွာ၏ တံတားတည်ရှိမှုအခြေအနေ
ဇယား ၄၂ ရေကြောင်းသယ်ယူပို့ဆောင်ရေး
ဇယား ၄၃ သယ်ယူပို့ဆောင်ရေးယာဉ်များ
ဇယား ၄၄ လျှပ်စစ်မီးရရှိမှု အခြေအနေ
ဇယား ၄၅ ဆက်သွယ်ရေး နှင့် သတင်းအချက်အလက်နည်းပညာ အခြေအနေ
ဇယား ၄၆ ယဉ်ကျေးမှုနှင့်လူငယ်ဖွံ့ဖြိုးရေး အခြေအနေ
ဇယား ၄၇ ဘေးကင်းလုံခြုံရေး၊ ဝန်ဆောင်မှု အထောက်အကူများအား လက်လှမ်းမှီမှု
ဇယား ၄၈ မူခင်းဖြစ်ပွားမှု အခြေအနေ

**နောက်ဆက်တွဲ (၂) ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးကို အထောက်အပံ့ဖြစ်စေမည့် အခြေအနေကောင်းများ၊ အဟန့်အတားနှင့်ရင်ဆိုင်ကျော်လွှားရမည့် စိန်ခေါ်မှုများ** ၇၀

ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးကို အထောက်အပံ့ဖြစ်စေသော အခြေအနေကောင်းများ
ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးအတွက် အဟန့်အတားနှင့်ရင်ဆိုင်ကျော်လွှားရမည့် စိန်ခေါ်မှုများ

**နောက်ဆက်တွဲ (၃) ကျေးရွာဖွံ့ဖြိုးရေးကွင်းဆက် (ပြဿနာဆန်းစစ်ခြင်းမှ ဖြေရှင်းနည်းအထိ)** ၇၂

**ကိုးကားစာရင်း** ၇၃

## အတိုကောက်စကားလုံးများ

| | |
|---|---|
| AIDS | ခုခံအားကျဆင်းမှုရောဂါ |
| DRD | ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန |
| HIV | ခုခံအားကျဆင်းမှုရောဂါဖြစ်စေသောဗိုင်းရပ်စ် |
| MADB | မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ် |
| MEB | မြန်မာ့စီးပွားရေးဘဏ် |
| MMK | မြန်မာကျပ် |
| MoALI | စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန |
| NGO | အစိုးရမဟုတ်သောအဖွဲ့အစည်း |
| PRA | ကျေးရွာအခြေအနေကိုရွာသူရွာသားများကိုယ်တိုင်ဆန်းစစ်အကဲဖြတ်ခြင်း |
| SLRD | ကြေးတိုင်နှင့် မြေစာရင်းဦးစီးဌာန |
| STD | လိင်မှတဆင့်ကူးစက်တတ်သောရောဂါများ |
| PTA | မိဘဆရာအသင်း |
| TB | တီဘီရောဂါ |
| VDG | ကျေးရွာဖွံ့ဖြိုးရေးအဖွဲ့ |

**စကားချီး**

ဤကျေးရွာဖွံ့ဖြိုးရေးစီမံချက်သည် ၂၀၁၇-၁၈ ဘဏ္ဍာရေးနှစ်မှ ၂၀၁၁-၂၀၂၂ ခုနှစ် အထိ (၅) နှစ်ကြာ အကောင်အထည်ဖော်ဆောင်ရွက်မည့် ကျွန်ုပ်တို့ကျေးရွာ၏ ပထမဦးဆုံးသော လူအများပါဝင်ရေးဆွဲထား သည့် ကျေးရွာဖွံ့ဖြိုးရေးစီမံချက်ဖြစ်ပါသည်။ ကနဦးအနေဖြင့် စီမံချက်ဖြစ်မြောက်ရေးအတွက် လိုအပ် သောနည်းပညာများ ပံ့ပိုးပေးသော စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနအား အထူးပင်ကျေးဇူးတင်ရှိပါသည်။ အရေးကြီးသော အချက်အလက်များ နှင့် အကြံဉာဏ်များကို တက်တက်ကြွကြွ ပံ့ပိုးပေးသော ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးနှင့် သက်ဆိုင်ရာ ဝန်ထမ်းများကိုလည်း ကျေးဇူးတင်ရှိပါသည်။

ကျွန်ုပ်တို့ကျေးရွာတွင် ကျွန်ုပ်တို့ကိုယ်တိုင် ရပ်ရွာလုပ်ငန်းများကို စီစဉ်ချမှတ်ဆောင်ရွက်ခဲ့ကြသော်လည်း လူထုအများ စနစ်တကျပူးပေါင်းပါဝင်ဆောင်ရွက်သည့် နည်းလမ်းများနှင့် လုပ်ထုံးလုပ်နည်းများကို မသိ ခဲ့ကြပါ။ လူထုကိုယ်တိုင် စနစ်တကျ ပူးပေါင်းဆောင်ရွက်နည်းကို အသုံးပြု၍ ကျွန်ုပ်တို့ အချင်းချင်း တိုင်ပင်ဆွေးနွေးညှိနှိုင်းအဖြေရှာကြရာတွင် ကူညီပံ့ပိုးပေးသည့် အစီအစဉ်ရေးဆွဲရေး ကျွမ်းကျင်သူအဖွဲ့ တစ်ဖွဲ့ကို မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ စီစဉ်ဆောင်ရွက်ပေးပါသည်။ ဤလုပ်ငန်း စဉ်ကြောင့် ကျွန်ုပ်တို့သည် ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်ရေးဆွဲရာတွင် ကိန်းဂဏန်းနှင့် သတင်းအချက် အလက်တို့၏ အရေးပါမှုကို သိရှိရုံသာမက ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးရုံးကဲ့သို့သော ကိန်းဂဏန်း အချက်အလက် ရရှိနိုင်သောနေရာများမှလည်း ကောက်ယူရရှိခဲ့ပါသည်။ ထို့ပြင် ထပ်မံလိုအပ်သော ကိန်း ဂဏန်း၊ အချက်အလက်များနှင့် နည်းပညာပံ့ပိုးမှုတို့ကို မြို့နယ်အဆင့် ဌာနဆိုင်ရာများမှ ရယူရန်လိုအပ် ကြောင်းကိုလည်း ကောင်းစွာသိရှိခဲ့ပါသည်။

ယခုရေးဆွဲထားသောအစီအစဉ်ကို ထပ်မံရရှိသည့် ကိန်းဂဏန်းအချက်အလက်များ ထပ်ဖြည့်ပေး ခြင်းဖြင့် ပိုမိုကောင်းလာမည်မှာသေချာပါသည်။ ဤလုပ်ငန်းသည် ဆက်လက်လုပ်ဆောင်ရမည့် လုပ်ငန်း ဖြစ်ပြီး လုပ်ငန်းဆောင်ရွက်နေမှုတစ်ဝက်ခန့်အရောက်တွင် လုပ်ငန်းတိုးတက်မှု၊ ပေါ်ပေါက်လာသည့် အခက်အခဲများနှင့် ဦးစားပေးရွေးချယ်မှုများနှင့် လုပ်ငန်းအစီအစဉ်များကို မူဘောင်အတွင်း ပြုပြင် ပြောင်းလဲမှုများ ဆက်လက်လုပ်ဆောင်သွားရပါမည်။

ဤဖွံ့ဖြိုးရေးအစီအစဉ်တွင်ဖော်ပြပါရှိသော ဦးစားပေးလုပ်ငန်းများ စုစည်းဆောင်ရွက်နိုင်ရန်အတွက် ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူး၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနတို့၏ ဆက်လက် ပံ့ပိုးမှုများ ရရှိနိုင်မည်ဟု ကျွန်ုပ်တို့မျှော်လင့်ပါသည်။ ဆက်လက်၍ နောင်တွင်လည်း ကျွန်ုပ်တို့၏ ဖွံ့ဖြိုးရေးဆိုင်ရာ အားထုတ်မှုအခြေအနေများကို ဆန်းစစ်သုံးသပ်ရန်နှင့် အကဲဖြတ်ရန်အတွက် ပံ့ပိုးကူညီမှုများ ရရှိနိုင် မည်ဖြစ်ပါကြောင်း ယုံကြည်ပါသည်။

ဤအစီအစဉ်တွင် အပိုင်း (၂) ပိုင်း ပါရှိပါသည်။ အပိုင်း (က) တွင် ဖွံ့ဖြိုးရေးဗျူဟာနှင့် လုပ်ငန်းအစီအစဉ်တို့ပါဝင်ပါသည်။ အကောင်အထည်ဖော်မည့်ဗျူဟာ၊ ဦးစားပေးလုပ်ငန်းအစီအစဉ်များ၊ ဘတ်ဂျက်နှင့် ငွေကြေးဆိုင်ရာရရှိနိုင်မည့် လမ်းကြောင်းနှင့် လုပ်ငန်းဆောင်ရွက်မှုအဆင့်ဆင့်တို့ကို အဓိကဖော်ပြထားပါသည်။ အပိုင်း (ခ) သည် စီမံကိန်းဆိုင်ရာအချက်အလက်များ၏ အကြောင်းအရာများဖြစ်ပြီး အဆိုပြုစီမံကိန်း လုပ်ငန်းများ၏ အသေးစိတ်အချက်အလက်များပါဝင်ပါသည်။

မေလ၊ ၂၀၁၈ ခုနှစ်

ကျေးရွာဖွံ့ဖြိုးရေးအဖွဲ့

ကန်ရွာကျေးရွာ၊ ကန်ရွာကျေးရွာအုပ်စု

ကန်ကြီးထောင့်မြို့နယ်

# ကန်ရွာကျေးရွာ အရင်းအမြစ်ပြမြေပုံ၊ ကန်ကြီးထောင့်မြို့နယ်



# အပိုင်း(က) ကျေးရွာဖွံ့ဖြိုးရေး ဗျူဟာ နှင့် လုပ်ငန်းအစီအစဉ်

## ၁ နိဒါန်း

### ၁.၁ ရည်ရွယ်ချက်

ဧရာဝတီတိုင်းဒေသကြီး၊ ပုသိမ်ခရိုင်၊ ကန်ကြီးထောင့်မြို့နယ်၊ ကန်ရွာကျေးရွာအုပ်စု၊ ကန်ရွာကျေးရွာသည် အိမ်ခြေများပြားခြင်း၊ လူဦးရေများပြားသော်လည်း ဖွံ့ဖြိုးတိုးတက်မှုများ နည်းပါးနေခြင်းတို့ကြောင့် ဤအစီအစဉ်တွင် ပါဝင်ရခြင်းဖြစ်ပါသည်။ ဤကျေးရွာဖွံ့ဖြိုးရေး အစီအစဉ်သည် အစိုးရဌာနများ၊ ပြည်တွင်း/ ပြည်ပအဖွဲ့အစည်းများ၏ နိုင်ငံအတွင်း ဆောင်ရွက်ခဲ့ပြီးသော ဖွံ့ဖြိုးရေးလုပ်ငန်းအတွေ့အကြုံများကို လေ့လာသုံးသပ်ပြီး တစ်နိုင်ငံလုံး ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းများ ရေးဆွဲအကောင်ထည်ဖော်မည့် အစီအစဉ်သစ်ဖြစ်ကြောင်း သိရှိရပါသည်။

ယခင်ကဖွံ့ဖြိုးရေး အစီအစဉ်ရေးဆွဲရေးအတွေ့အကြုံမရှိခဲ့ပါ။ ထို့ကြောင့် ကျွန်ုပ်တို့၏ ပထမဦးဆုံးသော ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်ကို နိုင်ငံတော်၏အကူအညီဖြင့် ရေးဆွဲရာတွင် ကျေးရွာလူထုပါဝင်မှုအားနည်းရပါသည်။ ဤအစီအစဉ်ရေးဆွဲပြီးနောက် ကျေးရွာ၏ ဖွံ့ဖြိုးရေးဆိုင်ရာကိန်းဂဏန်း၊ သတင်းအချက်အလက်များပြုစုရန် အရေးကြီးပုံကို အလေးထားမိလာကြပါသည်။ ထို့အပြင် ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးရုံး၊ ဌာနဆိုင်ရာများ စသည်တို့ထံမှ လိုအပ်သော ကိန်းဂဏန်း၊ သတင်း အချက်အလက်များရယူရန်နှင့် ကျွန်ုပ်တို့၏ကျေးရွာစီမံကိန်း အကောင်အထည်ဖော်ရန်လိုအပ်သော နည်းပညာများရရှိရန် အရေးကြီးကြောင်းကိုပါ သတိပြုမိပါသည်။ သို့သော် အလွယ်တကူတက်ကျွမ်းမှုမရှိ၍ စီစဉ်ဆောင်ရွက်ရာတွင် ခက်ခဲပါသဖြင့် မိမိတို့ ဉာဏ်ရည်ဉာဏ်သွေး ပူးပေါင်းပါဝင်မှုများဖြင့် ပြုစုတင်ပြသွားမည်ဖြစ်ပါသည်။

ဤအစီအစဉ်တွင် ကျေးရွာ၏ လက်ရှိလူမှုစီးပွားရေးနှင့် ဖွံ့ဖြိုးရေးအခြေအနေများ၊ ကြုံတွေ့နေရသောပြဿနာများ၊ ထိုပြဿနာများဖြစ်ရသည့် အရင်းခံအချက်များ၊ ဖွံ့ဖြိုးရေးကို အပံ့အပိုးဖြစ်စေသောအချက်များနှင့် အဟန့်အတားဖြစ်စေသောအချက်များ၊ (၅) နှစ်တာ ကာလအပြီးတွင် ရရှိအောင် ဆောင်ရွက်လိုသည့် ရည်မှန်းချက်များ၊ ထိုရည်မှန်းချက်များရရှိရန် ကျွန်ုပ်တို့ ကျေးရွာအနေနှင့် ဆောင်ရွက်မည့်နည်းဗျူဟာများ၊ စီမံချက်များကို ရှင်းရှင်းလင်းလင်းဖော်ပြထားပါသည်။ ထို့ပြင် ဦးစားပေးလုပ်ငန်းများလုပ်ဆောင်ရန် လိုအပ်သောအရာများနှင့် ငွေကြေးရရှိနိုင်မည့် လမ်းကြောင်းများကိုလည်း ဖော်ပြထားပါသည်။

ကျွန်ုပ်တို့၏ ဖွံ့ဖြိုးရေးမိတ်ဖက်များဖြစ်သော အစိုးရဌာနများ၊ အစိုးရမဟုတ်သောအဖွဲ့အစည်းများ၊ အရပ်ဖက်လူမှုရေးအဖွဲ့အစည်းများ၊ ပုဂ္ဂလိကကဏ္ဍ၊ ဘဏ်များ၊ စာပေပညာရှင်များ၊ သတင်းနှင့်

ပြည်သူ့ဆက်သွယ်ရေးအဖွဲ့အစည်းများ၏ အာရုံစိုက်မှုကိုရစေပြီး ကျေးရွာဖွံ့ဖြိုးရေးနှင့် ပတ်သက်သူ မှန်သမျှတို့သည် ဤအစီအစဉ်မှတ်တမ်း၏ အသုံးဝင်မှုများကိုသိရှိစေရန် မျှော်လင့်ပါသည်။

## အစိုးရနှင့် အခြားအဖွဲ့အစည်းများအတွက် အသုံးဝင်မှု

ကျွန်ုပ်တို့၏ကျေးရွာအဆင့် အားထုတ်မှုများအတွက် မူဝါဒနှင့်ဖွံ့ဖြိုးရေးဆိုင်ရာ အကူအညီများကို စုစည်းဆောင်ရွက်ပေးနိုင်ရန် ဤဖွံ့ဖြိုးရေးစီမံချက်ကို မြို့နယ်အဆင့်၊ ပြည်နယ်နှင့် တိုင်းအဆင့်၊ ပြည်ထောင်စုအဆင့် အစိုးရအဖွဲ့အစည်းများအား တင်ပြမည်ဖြစ်ပါသည်။

ပုဂ္ဂလိက ကဏ္ဍအဖွဲ့များအတွက် အသုံးဝင်မှုများအနေဖြင့် ကျေးရွာလူထု၏လိုလားချက်နှင့် ၎င်းတို့၏စီးပွားရေးဆိုင်ရာဝန်ဆောင်မှုများ ချိတ်ဆက်မှုဖွံ့ဖြိုးလာစေရန် ဗျူဟာမြောက်ဆောင်ရွက်လာနိုင်မည်ဖြစ်သည်။

အစိုးရမဟုတ်သောအဖွဲ့အစည်းများ (NGOs)၊ အရပ်ဖက်လူမှုအဖွဲ့အစည်းများ (CSOs) နှင့် အလှူရှင်အဖွဲ့အစည်းများသည် ကျေးရွာလူထု၏ အမှန်တကယ်လိုအပ်ချက်များနှင့် ဦးစားပေးဆောင်ရွက်ရမည့် လုပ်ငန်းများအား ပိုမိုသိရှိလာနိုင်မည်ဖြစ်သည်။

ဘဏ်လုပ်ငန်းရှင်များနှင့် အသေးစားချေးငွေလုပ်ငန်းရှင်များအနေဖြင့် ကျေးလက်ဒေသရှိ ငွေကြေးဆိုင်ရာ လိုအပ်ချက်များအတွက် သတင်းအချက်အလက်များ ပိုမိုသိရှိလာနိုင်မည် ဖြစ်သည်။ သို့မှသာ တစ်နိုင်ငံလုံးအတိုင်းအတာအရ ပါဝင်လှုပ်ရှားနိုင်မည်ဆိုပါက ပိုမိုထိရောက်နိုင်မည် ဖြစ်ပါသည်။

နည်းပညာအထောက်အပံ့ပေးမည့် အဖွဲ့အစည်းများနှင့် တက္ကသိုလ်များအနေဖြင့် ကျွန်တော်တို့ကျေးရွာနှင့် ကျေးလက်လူထု၏ တိကျသောလိုအပ်ချက်များအား သိရှိလာခြင်းကြောင့် ကျွန်တော်တို့ကျေးရွာနှင့်ဆိုင်သော ၎င်းတို့၏သုတေသနလုပ်ငန်းများကို စီစဉ်ဆောင်ရွက်လာနိုင်မည်ဖြစ်သည်။ လုပ်ငန်းအကြီးစားများမဟုတ်ဘဲ လူထုကိုယ်တိုင် ပါဝင်ဆောင်ရွက်နိုင်သည့် လုပ်ငန်း အသေးစားများဖြစ်၍ လူထုမှလည်း ထိုက်သင့်သည့် လုပ်အားများထည့်ဝင်နိုင်ခြင်း၊ စိတ်ပါဝင်စားမှု၊ ကိုယ်တိုင်ပါဝင်ဆောင်ရွက်နိုင်မှု၊ စိတ်အားထက်သန်မှုနှင့် အတွေ့အကြုံများလည်း ရရှိနိုင်မည်ဖြစ်ပါသည်။

မီဒီယာများ၊ ပြန်ကြားဆက်သွယ်ရေးနှင့် ပြည်သူ့အရေးရပ်တည်မှုပေးသည့် အဖွဲ့အစည်းများအနေဖြင့် ယုံကြည်ရလောက်သည့် သတင်းအချက်အလက်များကို ရရှိနိုင်မည်။

နိုင်ငံတကာဖွံ့ဖြိုးရေးမိတ်ဖက်များဖြစ်သည့် ကုလသမဂ္ဂအဖွဲ့အစည်းများ၊ နိုင်ငံတကာငွေကြေးဆိုင်ရာအဖွဲ့အစည်းများ (ကမ္ဘာ့ဘဏ်၊ အာရှဖွံ့ဖြိုးရေးဘဏ်)၊ နိုင်ငံတကာအစိုးရမဟုတ်သော အဖွဲ့အစည်းများနှင့် အလှူရှင်အဖွဲ့အစည်းများအနေဖြင့် ၎င်းတို့အချင်းချင်း ပေါင်းစည်းဆောင်ရွက်မှု ပိုမိုကောင်းမွန်စေပြီး ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်များကို မြို့နယ်အဆင့်တွင် ပေါင်းစပ်ညှိနှိုင်းစီစဉ်မှုများ ပြုလာနိုင်ပါမည်။

## ၁.၂ စီမံကိန်း၏လွှမ်းခြုံသက်ရောက်မှု

ယခင်ကဖွံ့ဖြိုးရေးအစီအစဉ်ရေးဆွဲရာတွင် အချိန်ကာလတစ်ခုအတွင်း ကျွန်ုပ်တို့ကိုယ်တိုင်တတ်နိုင်သောငွေကြေး၊ အစိုးရနှင့် အခြားအဖွဲ့အစည်းများထံမှရနိုင်မည့် အကူအညီများကို အခြေခံကာ ဦးစားပေးစီမံကိန်းများချမှတ်ခဲ့ပါသည်။ ယခုအခါ ယင်းသို့မဟုတ်ဘဲ ကျယ်ပြန့်သည့် ဖွံ့ဖြိုးရေးအမြင်ဖြင့် ရေးဆွဲထားပါသည်။

လူထုဦးဆောင်ပါဝင်သည့် လုပ်ကိုင်နည်းဖြစ်သောကြောင့် လူတိုင်းပါဝင်ခွင့်ရရှိပြီး အမြင်ရှင်းလင်းမှုရစေကာ ဖွံ့ဖြိုးမှုဖြစ်စဉ်တွင် လူထုကိုအဓိကနေရာတွင်ထားရှိခြင်းဖြစ်ပါသည်။ ဤသို့ဖြင့် လုပ်ငန်းများကို လူထုပါဝင်၍စုစည်းခြင်း၊ ဦးစားပေးရွေးချယ်ဆောင်ရွက်ခြင်းအားဖြင့် ကျေးရွာလူထု၏ ဖွံ့ဖြိုးမှုကို တိတိကျကျ ပံ့ပိုးပေးရာရောက်ပါသည်။

ကျွန်ုပ်တို့၏ဖွံ့ဖြိုးရေးအစီအစဉ်ကိုအကောင်အထည်ဖော်ရာတွင် ပစ္စည်းအခက်အခဲ၊ ငွေကြေးအခက်အခဲ၊ နည်းပညာအခက်အခဲများရှိနိုင်ပါသည်။ သို့ဖြစ်၍ လက်တွေ့အကောင်အထည်ဖော်ရာတွင် ကျွန်ုပ်တို့ ကျေးရွာဖွံ့ဖြိုးရေးလိုအပ်ချက်များအား အများဆုံးနှင့် အထိရောက်ဆုံး ဖြည့်ဆည်းနိုင်မည့်စီမံကိန်းများကို ဦးစားပေးရွေးချယ်ဆောင်ရွက်ပါမည်။ ကျွန်ုပ်တို့၏ စွမ်းရည်နှင့် လိုအပ်သောအရင်းအနှီးများ ပြည့်စုံမှုပေါ်မူတည်၍ နောင်တွင် တဖြည်းဖြည်း တိုးချဲ့ဆောင်ရွက်သွားမည့် အစီအစဉ်မျိုးဖြစ်ပါသည်။

## ၂။ ပထဝီအနေအထားနှင့် သဘာဝသယံဇာတအရင်းအမြစ်များ

### (က) တည်နေရာ၊ ရာသီဥတုနှင့် မြေမျက်နှာသွင်ပြင်အနေအထား

ကန်ရွာကျေးရွာသည် ဧရာဝတီတိုင်းဒေသကြီး၊ ပုသိမ်ခရိုင်၊ ကန်ကြီးထောင့်မြို့နယ်၊ ကန်ရွာတိုက်နယ်၊ ကန်ရွာကျေးရွာအုပ်စုအတွင်းရှိ တစ်ရွာတည်းသောကျေးရွာဖြစ်ပြီး ပုသိမ်-ငပုတောကားလမ်းမကြီးဘေး (၅) မိုင် အကွာရှိ ငဝန်မြစ်ကမ်းဘေးနားတွင် တည်ရှိပြီး သွားလာရလွယ်ကူပါသည်။ ရာသီဥတုမှာ ပုံမှန်အနေအထားရှိပါသည်။ ကျေးရွာသည် မြေပြန့်ဒေသတွင်တည်ရှိပြီး အဓိက အသက်မွေးဝမ်းကျောင်းလုပ်ငန်းမှာ စိုက်ပျိုးရေးလုပ်ငန်းဖြစ်ပါသည်။ ကျေးရွာသည် ရေနုတ်မြောင်း၊ ရေသွင်းမြောင်းများနှင့် ဆက်စပ်နေပြီး နွေစပါး၊ မိုးစပါး စိုက်ပျိုးရ အဆင်ပြေပါသည်။ ကျေးရွာ၏ ပတ်လည်ရှိ လယ်ယာမြေများသည် စိုက်ပျိုးထုတ်လုပ်ရန်အတွက် အဓိက အားထားရာဖြစ်သည်။

## (ခ) သဘာဝအရင်းအမြစ်

ကျေးရွာသည် ဝေန်မြစ်နှင့် ဆက်စပ်နေသော ချောင်းငယ်များကို ရေသွင်းမြောင်းများဖြင့် ဆက်သွယ်ထားပြီး တစ်နှစ်ပတ်လုံးရေချိုရရှိသဖြင့် လယ်မြေများတွင် စပါးစိုက်ပျိုးရန်အထူးကောင်းမွန်ပါသည်။ ကျေးရွာတွင် စိုက်ပျိုးမြေဧက (၂၁၄၂) ဧကရှိပြီး မြေဆီသြဇာ အသင့်အတင့်ကောင်းမွန်ပါသည်။ နှစ်စဉ်နှစ်တိုင်း မိုးစပါးနှင့် နွေစပါးကို အဓိကစိုက်ပျိုးကြပြီး နွေစပါးစိုက်ပျိုးမှုတွင် ရေသွင်းမြောင်းများဖြင့် စိုက်ပျိုးကြပါသည်။ ကျေးရွာတွင် သဘာဝတွင်းထွက်သယံဇာတများမရှိပါ။ သဘာဝတိရစ္ဆာန်မျိုးစိတ်များလည်း ရရှိနိုင်မှုနည်းပါးသွားပြီဖြစ်ပါသည်။ နွားစာအတွက်မြက်များကို လယ်ကန်သင်းများနှင့် မြောင်းကမ်းပါးမှ အလွယ်တကူရရှိနိုင်ပါသည်။ ဆေးဖက်ဝင်အပင်များမှာ သာမန်တွေ့ရသော အပင်များသာ ရှိသည်။

## ၃။ ကျေးရွာလူမှုဖွံ့ဖြိုးတိုးတက်ရေးအခြေအနေ

## (က) လူဦးရေဆိုင်ရာအချက်အလက်များ

အိမ်ထောင်စုပေါင်း (၆၈၀) စုနှင့် ကျား (၁၄၄၉)၊ မ(၁၅၈၄) ဦးဖြင့် လူဦးရေပေါင်း (၃၀၃၃) ဦးရှိကာ တစ်အိမ်ထောင်လျှင် ပျမ်းမျှ (၄.၅) ဦးနှုန်းရှိပြီး နိုင်ငံတော်၏ တစ်အိမ်ထောင်ပျမ်းမျှနှုန်း ၅ ဦးနှင့် အလွန်ကွာခြားမှု မရှိပါ။ ကျေးရွာတွင် ဗမာ (ဗုဒ္ဓ) လူမျိုး အများဆုံးနေထိုင်ကြပြီး အလုပ်လုပ်နိုင်သည့်အရွယ်သည် ကျေးရွာရှိ လူဦးရေအားလုံး၏ ၇၅ % ခန့် ရှိပြီး အမျိုးသမီးဦးရေ စုစုပေါင်းမှာ အမျိုးသား အရေအတွက်နှင့် အလွန်ကွာခြားမှုမရှိသဖြင့် အမျိုးသမီးများလုပ်ကိုင်နိုင်သည့် အလုပ်များကိုပါ ထည့်သွင်းစဉ်းစားပြီး အလုပ်အကိုင်များကို ဖန်တီးပေးနိုင်ပါက လူ့စွမ်းအားအရင်းအမြစ်ကို ထိရောက်စွာအသုံးချနိုင်ပြီး ကျေးရွာဖွံ့ဖြိုးရေးအတွက် ပိုမိုအထောက်အအကူပြုစေနိုင်ပါမည်။

## (ခ) စီးပွားရေးအခြေအနေ - ဝင်ငွေ၊ ပိုင်ဆိုင်မှုနှင့် မမျှတမှု

အဓိကဝင်ငွေရလုပ်ငန်းသည် စိုက်ပျိုးရေးဖြစ်ပြီး တစ်ရွာလုံး၏ ဝင်ငွေအနေအထားမှာ သာမန်အားဖြင့် အသင့်အတင့်ကောင်းမွန်ပါသည်။ ဆင်းရဲချမ်းသာအဆင့်သတ်မှတ်မှုတွင် မိမိတို့ကျေးရွာအနေအထားဖြင့်ကြည့်သော် အိမ်ထောင်စုအားလုံး၏ ၆၅.၉% ခန့်သည် ဆင်းရဲနှင့် အလွန်မပြေလည်သော အိမ်ထောင်စုအဆင့်အဖြစ်သတ်မှတ်ကြပြီး ၄၂.၅% သည် အလယ်အလတ်အဆင့်နှင့် ၂၀% သည် အဆင်ပြေသည့်အဆင့် ရှိကြသည်ဟုသတ်မှတ်ကြသည်။ ကျေးရွာတွင် လယ်ယာမြေပိုင်ဆိုင်မှု၊ လက်လုပ်မီမှု၊ လယ်ယာသုံးစက်ကိရိယာများပိုင်ဆိုင်မှုနှင့် မြောင်းရေသွင်း၍ စိုက်ပျိုးနိုင်မှုတို့ကြောင့် ကျေးရွာစီးပွားရေးအနေအထားမှာ အသင့်အတင့်ကောင်းမွန်သည်ဟုပြောနိုင်သည်။ အဆင်ပြေသော အိမ်ထောင်စုများနှင့် အလယ်အလတ်ရှိသောအိမ်ထောင်စုများအပြင် အခြားလယ်သမားအိမ်ထောင်စု

အချို့မှာလည်း ပန်းရံ၊ လက်သမား၊ အရောင်းအဝယ်စသည့် အသေးစားအိမ်တွင်းလုပ်ငန်းများတွင်လည်း ပါဝင်ဆောင်ရွက်ကြသည်။ ယင်းတို့အနက် ဆင်းရဲအဆင့်သည် ကျေးရွာတွင် အများဆုံးဖြစ်ပြီး မြေယာအနည်းငယ်မျှပိုင်သော လယ်သမားများ၊ လက်လုပ်လက်စား၊ ဆောက်လုပ်ရေးလုပ်ငန်းခွင် လုပ်သားများနှင့် မြေယာမဲ့ အိမ်ထောင်စုများပါဝင်သည်။ ကျေးရွာတွင် မြေယာမဲ့အိမ်ထောင်စု အရေအတွက် (၈၂%) ထိရှိကာ ဆင်းရဲ၊ အလွန် ဆင်းရဲ အဆင့်ရှိ အိမ်ထောင်စုများပါဝင်ကြသည်။

## (ဂ) ဆင်းရဲနွမ်းပါးမှုနှင့် ထိခိုက်လွယ်မှု

ကျေးရွာတွင်မြေယာမဲ့ အိမ်ထောင်စုအရေအတွက်မှာ ၈၂ % ခန့်ရှိသော်လည်း ရာသီအလိုက် စိုက်ပျိုးရေးလုပ်ငန်းများတွင် အဓိကဝင်ရောက်လုပ်ကိုင်ကြပြီး ဆောက်လုပ်ရေးလုပ်ငန်း၊ လက်လီဈေးရောင်း၊ ခေါင်းရွက်ဗျပ်ထိုးလုပ်ငန်း၊ စက်ပြင်၊ ဆန်ကြိတ်စက်လုပ်ငန်းများ စသည်တို့တွင်လည်း လုပ်ကိုင်ကြသည်။ ကျေးရွာမှ ဆင်းရဲနှင့် အလွန်ဆင်းရဲအိမ်ထောင်စုများ၏ ၃၀% ဖြစ်သော အိမ်ထောင်စု (၁၄၉) စုခန့်အား လေ့လာဆန်းစစ်မှုအရ ယင်းတို့တွင် ၄၃% မှာ သူတပါးထံမှ မချေးမငှားပဲ ၃ လ မှ ၆ လ အထိ နပ်မှန်အောင် စားသုံးနိုင်ပြီး ၅၇ % မှာ ၆ လမှ ၁၂ လအထိ နပ်မှန်အောင် စားသုံးနိုင်ကြကြောင်းတွေ့ရှိရသည်။ သို့သော် အခြားအစားအစာပြောင်းလဲစားသောက်ခြင်း၊ ချေးယူခြင်းနှင့် လုပ်အားခကြိုယူခြင်းများရှိပါသည်။ ချေးငွေအများစုကို ပုဂ္ဂလိကငွေချေးလုပ်ငန်းများ၊ ငွေတိုးချေးသူများ၊ အပေါင်ဆိုင်များ၊ ကျေးရွာ သမဝါယမအသင်းနှင့် ဆွေမျိုးများ၊ မိတ်ဆွေများမှ ချေးယူရရှိကြသည်။ ချေးငွေများကို အသုံးပြုကြပုံမှာ စားသုံးရန်၊ ရင်းနှီးမြှုပ်နှံရန်နှင့် ကျန်းမာရေး၊ ပညာရေးကိစ္စရပ်များအတွက် ဝင်ငွေရအလုပ်အကိုင်များအတွက် အဓိကသုံးစွဲကြသည်။

ကျေးရွာတွင် ထိခိုက်လွယ်သော အိမ်ထောင်စုများမှာ ဆင်းရဲ၍ မိသားစုဦးရေများသည့် အမျိုးသမီးဦးဆောင်သော အိမ်ထောင်စုများ၊ မုဆိုးဖို/ တစ်ခုလပ် ဦးဆောင်သော မိသားစုများနှင့် အခြားဒေသများသို့ ကြာမြင့်စွာ သွားရောက်နေထိုင်လုပ်ကိုင်နေသော ဆင်းရဲသည့် မိသားစုများ ဖြစ်ကြပါသည်။ ထိခိုက်သက်ရောက်မှုအမျိုးအစားတွင် ဝေးလံခေါင်သီ/ လမ်းပန်းဆက်သွယ်ရေး ခက်ခဲမှုကို အလယ်အလတ်အနေအထားတွင် တွေ့ရပြီး စားနပ်ရိက္ခာမဖူလုံမှု၊ ဆားငန်ရေဝင်ခြင်းနှင့် ငှက်ဖျား/ တီဘီရောဂါဖြစ်ပွားမှုတို့ကို အသင့်အတင့်အနေအထားတွေ့ရသည်။

## (ဃ) ကျန်းမာရေးနှင့် အာဟာရ

ကျေးရွာတွင် ရွာသားအများစုသည် သာမန်အားဖြင့် ကျန်းမာရေးကောင်းမွန်ကြပြီး အစားအစာပြည့်ဝမှုရှိကြသည်။ ကလေးငယ်အများစုသည် ကျန်းမာကြသော်လည်း တခါတရံ မိုးရာသီတွင် သွေးလွန်တုပ်ကွေးအနည်းငယ်ဖြစ်သည်ကို တွေ့ရှိရသည်။ အခြေခံပညာ အထက်တန်းကျောင်းများ

တွင်လည်း ကျောင်းသား/ သူများကို အဟာရတိုက်ကျွေးမှု အသင့်အတင့်ရှိပြီး အမျိုးသမီး၊ လူငယ် လူရွယ်၊ သက်ကြီးပိုင်းအများစုတို့သည်လည်း တကိုယ်ရည်သန့်ရှင်းရေးနှင့် ကျန်းမာရေးအသိအမြင် များ အသင့်အတင့်ရှိကြသည်။ ကျေးရွာသားများအနေဖြင့် အခြေခံကျန်းမာရေးစောင့်ရှောက်မှုများကို ကျေးရွာအတွင်း၌ပင် အလွယ်တကူ သွားလာနိုင်ပြီး ပုသိမ်ဆေးရုံကြီး၊ အခြားဆေးပေးခန်း၊ ဆေးဆိုင် များနှင့်လည်း လက်လှမ်းမီပါသည်။

ကျေးရွာတွင် ရေတွင်း၊ အဝီစိတွင်း၊ မိုးရေလှောင်ကန်နှင့် မြစ်ချောင်းများမှ ရေကို အသုံးပြုကြပြီး သောက်သုံးရေ အလုံအလောက်ရပါသည်။ အဆိုပါရေများကို ကြိုချက်သောက်သုံးကြသဖြင့် ဝမ်းပျက် ဝမ်းလျှောနှင့် အခြားကူးစက်နိုင်သော ရောဂါဖြစ်ပွါးမှုများနည်းပါးကြောင်း တွေ့ ရသည်။

## (င) ပညာရေးနှင့် ကျွမ်းကျင်မှုများ

ကျေးရွာ၏ ပညာရေးအဆင့်အတန်းသည် အတော်အသင့်မြင့်မားကြောင်း တွေ့ရှိရပါသည်။ ရွာသားအများစုသည် အခြေခံ အရေး၊ အဖတ်၊ အတွက်တို့ကို တတ်မြောက်ကြပြီး ဘွဲ့ရ အရေအတွက် မှာ ကျေးရွာတွင် ၄.၄ % ခန့်ရှိပါသည်။ ဆက်လက်တက်ရောက်နေသူများလည်းရှိပါသည်။ ကျေးရွာ တွင် အခြေခံပညာရေးကို ရွာအတွင်းရှိ အထက်တန်းကျောင်းတွင် တက်ရောက်သင်ကြားနိုင်ပါသည်။ တက္ကသိုလ်ပညာရေးကို ပုသိမ်မြို့တွင်သင်ကြားနိုင်ပါသည်။ သို့သော် အသက်မွေးဝမ်းကျောင်းလုပ်ငန်း များဆိုင်ရာကျွမ်းကျင်မှုများမှာ နိမ့်ကျဆဲဖြစ်ပြီး လူငယ်လူရွယ်များအတွက် ကျွမ်းကျင်မှုအခြေခံသည့် အလုပ်အကိုင် အခွင့်အလမ်းများသည်လည်း နည်းပါးဆဲဖြစ်သည်။

## (စ) ကျားမဆိုင်ရာဆက်နွယ်မှု

ကျေးရွာတွင် ကျားမဆိုင်ရာဆက်နွယ်မှုအနေအထားမှာ တည်ငြိမ်ကောင်းမွန်ပါသည်။ မိသားစု အတွင်း ကျား/ မတို့၏ အခန်းကဏ္ဍအသီးသီးကို ရပ်ရွာသတ်မှတ်ချက်များအတိုင်း ကျင့်သုံးကြပါ သည်။ ကျားနှင့်မအကြား ပြင်းထန်သော အိမ်တွင်းအကြမ်းဖက်မှုနှင့် ခွဲခြားဆက်ဆံခြင်း ကိစ္စများ မတွေ့ရပါ။

ကျေးရွာတွင် အမျိုးသား၊ အမျိုးသမီးများသည် သာမန်အားဖြင့်ပညာရေးနှင့် အခြားနယ် ပယ်များတွင် အခွင့်အရေးတူညီစွာရရှိသည်ဟု ယေဘုယျပြောနိုင်ပါသည်။ ပညာရေးနှင့် ဆိုင်သော ကိန်းဂဏာန်းများတွင် မူလတန်း၊ အလယ်တန်းနှင့် အထက်တန်းများရှိ ကျား၊ မ အရေအတွက်မှာ အမျိုးသမီးများကပင် ပိုမိုများပြားကြောင်း တွေ့ရှိရသဖြင့် အမျိုးသမီးများအတွက် ပညာသင်ယူရေး ဆိုင်ရာအခွင့်အရေးမှာ အမျိုးသားများနှင့် အတူတူပင်ဖြစ်သည်။ သို့သော် ကျေးရွာတွင် နေ့တွက် လုပ်အားခငွေများမှာ အမျိုးသားများကပိုမိုရကြသည်။ ဥပမာအားဖြင့် လုပ်အားသဘာဝနှင့် အင်အား

စိုက်ထုတ်ရမှု တူညီသော်လည်း အမျိုးသမီးများသည် အမျိုးသားများထက်လုပ်အားခ အနည်းငယ် လျော့နည်းပြီးရကြသည်။ အုပ်ချုပ်ရေးအဖွဲ့အစည်းများတွင် အမျိုးသမီးပါဝင်မှု မရှိသော်လည်း အခြား လူမှုရေးအသင်းအဖွဲ့များတွင်မှု အမျိုးသမီးပါဝင်မှု အသင့်အတင့်ရှိကြသည်။ ကျား/မ တန်းတူညီမျှမှု နှင့်ပတ်သက်၍ အသိပညာပေးခြင်းများကို မြှင့်တင်ဆောင်ရွက်ပေးခြင်းဖြင့် ကျား/မ တန်းတူညီမျှမှု၊ ဖွံ့ဖြိုးမှုတို့ အတွက် ပိုမိုအထောက်အပံ့ဖြစ်လာနိုင်ပါသည်။

## ၄။ ကဏ္ဍအသီးသီး၏လက်ရှိဖွံ့ဖြိုးမှုအခြေအနေများ

### (က) ဖွံ့ဖြိုးရေးဆိုင်ရာစီမံအုပ်ချုပ်မှု

ကျေးရွာတွင် သာရေး၊ နာရေး၊ လူမှုဖွံ့ဖြိုးရေးအတွက် မေတ္တာရွှေစင် လူမှုကူညီရေးအသင်း (၁) သင်း၊ အမျိုးသမီးရေးရာ အဖွဲ့ (၁)ဖွဲ့၊ ဘာသာရေးနှင့် ယဉ်ကျေးမှုဆိုင်ရာ အဖွဲ့အစည်း (၁) ဖွဲ့နှင့် စီးပွားရေးဆိုင်ရာ အသင်းအဖွဲ့ (၁) ဖွဲ့တို့ရှိပါသည်။ ယင်းအဖွဲ့များအနက် မြို့နယ်မှ ဖွဲ့စည်းပေးထားသော လူမှုရေးဆိုင်ရာအဖွဲ့ဖြစ်သည့် အမျိုးသမီးရေးရာအဖွဲ့မှာ ကျန်းမာရေးဆိုင်ရာသင်တန်းများ တက်ရောက် ခြင်း၊ ပြန်လည်ဆွေးနွေးမျှဝေခြင်းတို့ဖြင့် ပါဝင်ဆောင်ရွက်လျက်ရှိပါသည်။

စိုက်ပျိုးရေးနှင့် မွေးမြူရေးသမဝါယမအသင်းရှိကြပြီး ကျေးရွာသားအများစုမှာ ကျေးရွာတွင်း အသင်းအဖွဲ့များတွင် ပါဝင်ဆောင်ရွက်လျှက်ရှိသည်။ ထို့ပြင် Pact Myanmar ငွေချေးအဖွဲ့တွင်လည်း ပါဝင်ကြပါသည်။

ကျေးရွာရှိ အဖွဲ့အစည်းများမှာ တစ်ဖွဲ့နှင့်တစ်ဖွဲ့ကြား ချိတ်ဆက်ဆောင်ရွက်မှု၊ အဖွဲ့အစည်း ဆိုင်ရာသဘောတရားတို့နှင့်ပတ်သက်၍ ယေဘုယျအားဖြင့် အားနည်းကြပြီး အဖွဲ့အစည်းစွမ်းဆောင် ရည်မြှင့်တင်ရေးသင်တန်းများရရှိနိုင်ပါက ဖွံ့ဖြိုးရေးဆိုင်ရာ စီမံအုပ်ချုပ်မှု ပိုမိုတိုးတက်ကောင်းမွန် လာနိုင်ပါသည်။

### (ခ) သီးနှံ၊ သားငါး ထုတ်လုပ်ရေးကဏ္ဍ

ကျေးရွာတွင် စပါးကို အဓိကထားစိုက်ပျိုးကြပြီး အချို့အိမ်ထောင်စုများမှာ သီးပင်စားပင်များ တနိုင်တပိုင် စိုက်ပျိုးကြသည်။ မိုးစပါးစိုက်ဧက (၂၀၄၂) ဧကခန့်ရှိပြီး ဆောင်းစပါး စိုက်ဧက (၅၀၀) ခန့်ရှိပါသည်။ ဓနိတောမြေများရှိသော်လည်း ဧကသတ်မှတ်ထားခြင်းမရှိပါ။ ချောင်းစပ်များတွင် တနိုင်တပိုင် စိုက်ပျိုးကြခြင်းများသာ ရှိပါသည်။ မိုးစပါးတစ်ဧက ပျမ်းမျှအထွက်နှုန်းမှာ (၅၀) တင်း၊ ဆောင်းစပါး တစ်ဧက ပျမ်းမျှအထွက် (၆၀) တင်းနှုန်းထွက်ရှိသည်။ စိုက်ပျိုးရေးဦးစီးဌာနမှ နည်းပညာ ဝန်ဆောင်မှုများ အားနည်းကြပြီး စိုက်ပျိုးရေးပစ္စည်း ကုမ္ပဏီများမှလည်း တောင်သူများအတွက် ဝန်ဆောင်မှုများ အားနည်းကြသည်။ ကျေးရွာတွင် စိုက်ပျိုးရေးဦးစီးဌာနမှ ကမကထ ပြုပြီး မျိုးစပါး

စိုက်ပျိုးထုတ်လုပ်ရေး ဆောင်ရွက်ခြင်း၊ သီးနှံစံပြစိုက်ကွက်များ နမူနာပြစိုက်ပျိုးခြင်းများမရှိပါ။ သီးနှံစိုက်ခင်းများတွင် နှစ်စဉ်နှစ်တိုင်း ဖျက်ပိုးကျရောက်မှု အသင့်အတင့်ရှိပြီး ထိရောက်သော ဖျက်ပိုးနှိမ်နှင်းရေးနည်းစနစ်နှင့် ဆေးဝါးတို့အတွက် စိုက်ပျိုးရေးဦးစီးဌာနမှ လိုအပ်သလို ကူညီဆောင်ရွက်ပေးစေလိုပါသည်။

ကျေးရွာတွင် ကိုယ်ပိုင် ထွန်စက်များဖြင့် လုပ်ကိုင်သူ (၈၉) ဦးခန့်၊ ခြွေလှေ့စက်များဖြင့် လုပ်ကိုင်သူဦးရေ (၄၅) ဦးခန့်၊ ရေစုပ်စက်၊ မြတ်ရိတ်စက်များဖြင့် လုပ်ကိုင်သူများရှိပါသည်။ လယ်ထွန်စက်အပိုင်မရှိသည့်တောင်သူများသည် ငှားရမ်းထွန်ယက်ကြရာ တစ်ဧက ကာလပေါက်ဈေး ၁၅၀၀၀/ ကျပ် ဝန်းကျင်ခန့်ပေးငှားရကာ ငှားရမ်းခဈေးနှုန်းမြင့်မားမှုကို ရင်ဆိုင်ကြရပြီး အချို့သောတောင်သူများမှာ နွား၊ ကျွဲနှင့် စက်တပ်နွားပုံများ၊ လက်တွန်းများကို အသုံးပြုထွန်ယက်ရပါသည်။ ထို့ကြောင့် ငှားရမ်းခ ဈေးနှုန်းသက်သာစွာ ရရှိငှားရမ်းနိုင်ရေး လိုလားနေကြသည်။ ကျေးရွာတွင် စပါးကိုအဓိကစိုက်ပျိုးသဖြင့် ကျေးရွာမှ နေ့စားအလုပ်သမားများအတွက် အလုပ်အကိုင်အသင့်အတင့်ရရှိကြသည်။ စပါးရိတ်သိမ်းချိန်များတွင် ရိတ်သိမ်းခြွေလှေ့စက်များဖြင့် ငှားရမ်းလုပ်ကိုင်သူ များသည့်အတွက် အလုပ်သမား လိုအပ်မှုမှာလည်း လျော့ကျလာပါသည်။ သို့ဖြစ်ပါ၍ အချို့သော ကျပန်းအလုပ်သမားများအတွက် အလုပ်အကိုင်အခက်အခဲ အနည်းငယ်ရှိပါသည်။ လုပ်အားခရရှိမှုမှာ ကျားနှင့် မအတွက် အလွန် ကွာခြားမှုများ မရှိပါ။

ကျေးရွာတွင် နွားမွေးမြူသူ ၉.၃% ခန့်၊ ကျွဲမွေးမြူသူ ၄.၁၂% ခန့်၊ ဝက်မွေးသူအိမ်ထောင်စုမှာ တစ်ရွာလုံး၏ ၂၄.၁၂% ဝန်းကျင်ရှိပြီး ဒေသမှ ဝက်မျိုးများကို တစ်အိမ်လျှင် ၂ ကောင်ခန့်သာ မွေးမြူကြသည်။ ဒေသကြက်မွေးသည့် အိမ်ထောင်စုမှာ ၂၀.၃% ဖြစ်ပြီး တစ်အိမ်လျှင် ၇ ကောင်မှ ၈ ကောင်နှုန်းခန့် မွေးမြူကြပါသည်။ ကြက်ကောင်ရေ ၅၀၀ ခန့်ကို စီးပွားဖြစ် မွေးမြူသည့် အိမ်ထောင်စုလည်း ရှိပါသည်။ ဆိတ်မွေးမြူသူ ၀.၆ % ခန့်နှင့် ဘဲမွေးမြူသူ ၆.၃ % ခန့် ရှိပါသည်။ ရေချို ငါးဖမ်းလုပ်ငန်းလုပ်ကိုင်သူ ၂၉ % ခန့်ရှိပြီး ဖောင် (၂၁၆) ဖောင်ခန့်ရှိပါသည်။ ရာသီအလိုက်ဖြစ်ပွါးတတ်သော ကြက်နာ၊ ဝက်နာ စသည့် တိရိစ္ဆာန်ရောဂါများ ရံဖန်ရံခါ ကျရောက်တတ်သည်။ ကျေးရွာတွင် မြေနေရာအဆင်မပြေသောကြောင့် ငါးမွေးမြူရေးလုပ်ငန်းများ မရှိပါ။

## (ဂ) စိုက်ပျိုးမွေးမြူရေးမဟုတ်သော အသက်မွေးဝမ်းကျောင်းလုပ်ငန်းများ

ကျေးရွာတွင် အိမ်တွင်းမှုကုန်ထုတ်လုပ်ငန်းမရှိပါ။ အခြားဝင်ငွေရလုပ်ငန်းများမှာ နေ့စားအလုပ်များ၊ ကုန်စုံဆိုင်လုပ်ငန်း၊ အလှပြင်ဆိုင်လုပ်ငန်း၊ သယ်ယူပို့ဆောင်ရေးဝန်ဆောင်မှုများ၊ ဈေးရောင်း၊ ခေါင်းရွက်ဗျပ်ထိုး၊ လက်သမား၊ ပန်းရံ၊ အစိုးရဝန်ထမ်းလုပ်ငန်း (ဆရာ/ မ) တို့ဖြစ်ကြသည်။ လုပ်ငန်းအများစုမှာ ရာသီဥတုနှင့် အမျိုးအစားအလိုက် တွက်ခြေကိုက်မှု အနည်းအပါးမှ

အသင့်အတင့် အနေအထားတွင်ရှိသည်။ ကျပမ်းအလုပ်သမားအချို့သည် လခစားအလုပ် ပြည်တွင်း စက်ရုံများနှင့် စားသောက်ကုန် ထုတ်လုပ်ရေးလုပ်ငန်းများတွင် ဝင်ရောက်လုပ်ကိုင်ကြသည်။ လုပ်သက်နှင့် ပညာအရည်အချင်းအလိုက် လစာအမျိုးမျိုး ရရှိကြသည်။ လုပ်အားခ တစ်နေ့လျှင် (၃၀၀၀) နှုန်းမှ (၅၀၀၀) နှုန်းထိ ရှိကြသည်။ ပန်းရံ/ လက်သမားများ၏ ဆရာအဆင့်လုပ်အားခများမှာ တစ်နေ့ ၈၀၀၀/ ကျပ်မှ ၁၀၀၀၀/ ကျပ်ထိ ရရှိနိုင်ကြသည်။

ကျေးရွာတွင် အလုပ်လုပ်နိုင်သောဦးရေများပြားပြီး လူ့အရင်းအမြစ် အလားအလာကောင်း တစ်ရပ်ဖြစ်သည်။ မြို့ပေါ်တွင် သက်မွေးဝမ်းကျောင်းသင်တန်းအချို့ကို ဝန်ဆောင်မှုပေးနိုင်သော လုပ်ငန်းများရှိကြသည်။ အပ်ချုပ်၊ ဇာထိုးပန်းထိုး၊ ဆံပင်အလှပြင်၊ မုန့်လုပ်နည်း၊ မော်တော်ဆိုင် ကယ်ပြင်၊ မိုဘိုင်းဖုန်းပြင်၊ ကားမောင်း၊ ဝပ်ရှော့စသည်တို့သည် သက်မွေးဝမ်းကျောင်းသင်တန်းများ ဖြစ်ကြသော်လည်း ရွာသားအများစုသည် အဆိုပါသင်တန်းများနှင့် အထိအတွေ့နည်းပါးကြသည်။ လုပ်ငန်းခွင်သုံး ပညာအရည်အချင်းပိုင်းတွင်လည်း အနည်းငယ်နိမ့်ကျကြပြီး ကျွမ်းကျင်မှုအခြေခံ သည့် အလုပ်အကိုင်ရရှိမှု အားနည်းသည်။

## (ဃ) သဘာဝပါတ်ဝန်းကျင်နှင့် သယံဇာတစီမံခန့်ခွဲမှု

ကျေးရွာရှိ စပါးစိုက်ခင်းများတွင် ဖျက်ပိုးများကျရောက်တတ်ခြင်း၊ ပိုးသတ်ဆေးနှင့် ဓာတု မြေသြဇာသုံးစွဲမှုများပြားခြင်းတို့ကြောင့် မြေဆီလွှာအရည်အသွေး ကျဆင်းလာနိုင်သည်။ တောင်သူ များအနေဖြင့် ဓါတုပိုးသတ်ဆေးများကိုသာ အသုံးပြုမှုများပြားသည်။ စွန့်ပစ်ပစ္စည်းစီမံခန့်ခွဲမှုတွင် လည်း ပလပ်စတစ်အိတ်ခွံ၊ ပုလင်းခွံ၊ ဗူးခွံများကို စနစ်တကျမစွန့်ပစ်ကြသဖြင့် သဘာဝပတ်ဝန်းကျင် ဆိုင်ရာ အသိပညာပေးလုပ်ငန်းများ မြှင့်တင်ဆောင်ရွက်ပေးသင့်သည်။

ဤကျေးရွာမှာ မြေပြန့်ဒေသအပိုင်းတွင်တည်ရှိပါသည်။ မုန်တိုင်းဘေး အန္တရာယ်ကျရောက်မှု နည်းပါးပါသည်။ ကျေးရွာ၏ ဘေးပတ်ဝန်းကျင်မှာ လယ်ယာမြေများ၊ မြောင်းများ၊ မြစ်၊ သစ်ပင်များ ဖြင့် စိမ်းလန်းစိုပြေနေသောကြောင့် မိုးခေါင်ခြင်းသဘာဝအန္တရာယ်မှာ အလွန်နည်းပါးပါသည်။

## (င) ဘဏ်နှင့်ငွေကြေးဆိုင်ရာ ဝန်ဆောင်မှု

ကျေးရွာမှတောင်သူများသည် မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်မှ ထုတ်ချေးသော ချေးငွေကို တစ်လအတိုးနှုန်း ၇၀ ပြားတိုး၊ တစ်ဧက တစ်သိန်းခွဲကျပ်နှုန်းဖြင့် အများဆုံး ဆယ်ဧကအတွက် ချေးယူနိုင်ကြသည်။ ထို့ပြင် Pact Myanmar အဖွဲ့များ ဖွဲ့စည်းထားပြီး ရွာသားအများစုသည် အဖွဲ့ လိုက် အဖွဲ့ဝင်များအဖြစ် ပါဝင်နေကြကာ အသင်းဝင်များ ငွေချေးယူနိုင်ကြသည်။ ပုဂ္ဂလိက ငွေစု

ငွေချေးအဖွဲ့များတွင် ချေးငွေကို (၆) လအထိ ချေးယူနိုင်ပြီး ဝိုင်းကြီးချုပ်စနစ်ဖြင့် ချေးငွေ ပြန်လည်ပေးဆပ်ရေးဆိုင်ရာ စည်းကမ်းပိုင်းတွင် တင်းကျပ်ထားသည်။

ကျေးရွာသားအများစုသည် ချေးငွေကို အဓိကအားဖြင့် ရိက္ခာ၊ ဝင်ငွေရလုပ်ငန်း၊ ကျန်းမာရေး၊ ပညာရေးဆိုင်ရာကိစ္စရပ်များအတွက်ချေးယူကြပြီး ကျေးရွာတွင် ချေးငွေလိုအပ်ချက်များပြားကြောင်း တွေ့ရှိရပါသည်။

## (စ) ပညာရေး၊ ကျန်းမာရေး၊ ရေနှင့်ပတ်ဝန်းကျင်သန့်ရှင်းရေး

ကျေးရွာတွင် အခြေခံပညာရေးကို ရွာအတွင်းရှိ မူလတန်းကျောင်းနှင့် အထက်တန်းကျောင်းများတွင် တက်ရောက်သင်ကြားနိုင်ပါသည်။ အလျား ၁၄၀ ပေ၊ အနံ ၃၀ ပေ၊ အမြင့် ၂၀ ပေ အရွယ်ရှိ သွပ်မိုး၊ အုတ်ကာ၊ သစ်သားခင်းကျောင်းဆောင်နှင့် မူလတန်းပညာ သီးသန့်ကို အလျား ၅၀ ပေ၊ အနံ ၃၀ ပေ၊ အမြင့် ၁၂ ပေ အရွယ်ရှိ သွပ်မိုး၊ သစ်ကာ၊ သစ်သားခင်းကျောင်းဆောင်တို့တွင် သင်ကြားပေးသည်။ သစ်သားကျောင်းဆောင်မှာ ၁၉၅၄ ခုနှစ်ကပင် တည်ဆောက်ခဲ့သဖြင့် ယိုယွင်းမှုများရှိနေပါသည်။ ကျေးရွာရှိ ကျေးရွာသူ/ သားများ အားလုံးနီးပါး စာရေးစာဖတ်တတ်ကြပါသည်။ မူလတန်းနှင့် အထက်တန်းအောင်ချက် ရာခိုင်နှုန်းလည်းမြင့်မားသည်။ ကျေးရွာတွင် မူလတန်းအရွယ် ပိုမိုများပြားပါသည်။ လက်ရှိကျောင်းသား အရေအတွက်မှာ (၅၅၄) ဦးခန့်ရှိပြီး ဆရာ/ ဆရာမဦးရေ (၂၆) ဦးရှိသာရှိသဖြင့် တပည့်ဆရာ အချိုးမှာ လုံလောက်မှုမရှိသေးပါ။ ပရိဘောဂတို့လည်း လုံလောက်မှုမရှိပါ။

ရွာသူရွာသားများအတွက် ကျန်းမာရေးဝန်ဆောင်မှုတို့ကို ကျေးရွာအတွင်းရှိ ကျေးလက်ဆေးပေးခန်းနှင့် တိုက်နယ်ဆေးရုံတွင်ပင် ကုသမှုခံယူနိုင်သည်။ အရေးကြီးသော ကျန်းမာရေးအခြေအနေများအတွက် ၁၅ မိုင်ခန့်ဝေးသည့် ပုသိမ်မြို့နယ်ဆေးရုံတို့တွင်လည်း သွားရောက်ကုသနိုင်ကြသည်။ သောက်သုံးရေအတွက် မိုးရေလှောင်ကန်များ၊ အဝီစိတွင်းများမှ ရေကိုကြိုချက် သောက်သုံးကြပါသည်။ တစ်ရွာလုံးနီးပါး ယင်လုံအိမ်သာ ဆောက်လုပ်သုံးစွဲကြသဖြင့် ရေကြောင့်ဆက်စပ်ဖြစ်ပွားတတ်သော ရောဂါဖြစ်ပွားမှုများ နည်းပါးသည်။

## (ဆ) လူငယ်နှင့် ယဉ်ကျေးမှု

လူငယ်များအတွက် အပန်းဖြေအနားယူနိုင်မည့် အနေအထားသီးသန့်မရှိသော်လည်း ညနေပိုင်းတွင် ခြင်းဝိုင်းများနှင့် ပိုက်ကျော်ခြင်းကွင်းများရှိသည်။ လူငယ်အချို့သည် အရက်သေစာ သောက်စားမှု အနည်းငယ်ရှိကြသော်လည်း ကျေးရွာရှိလူမှုရေးလုပ်ငန်းများတွင် တက်ကြွစွာပါဝင်ကူညီဆောင်ရွက်ကြပြီး ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများ၊ လူမှုရေးလုပ်ငန်းများ၊ တရားပွဲများ၊ လမ်းခင်းခြင်း

လုပ်ငန်းများ၊ မြောင်းတူး၊ ရေတွင်းဖော်၊ တံတားတည်ဆောက်ခြင်းလုပ်ငန်းများတွင်လည်း ပူးပေါင်းပါဝင်မှုများရှိသည်။

## (ဇ) အခြေခံ အဆောက်အဦ - လမ်းတံတား၊ လျှပ်စစ်စွမ်းအား၊ သတင်းနှင့် ဆက်သွယ်ရေး

ကျေးရွာတွင်းရှိ ရွာတွင်းလမ်းအားလုံးနီးပါးသည် ကွန်ကရစ်လမ်းများဖြစ်ကြပါသည်။ သို့သော် ကျေးရွာ၏ အဓိက ဆက်သွယ်ရေး ရွာချင်းဆက်လမ်းမကြီးမှာ ကျေးရွာနှင့် ဝေးကွာသဖြင့် သယ်ယူပို့ဆောင်ရေးနှင့် အရေးကြီးသော ကျန်းမာရေးကိစ္စများအတွက် ရေလမ်းကိုလည်းကောင်း၊ အုန်းပင်စုရွာတစ်ဖက်ကမ်းသို့ ကူး၍ ကားလမ်းဖြင့်လည်းကောင်း အသုံးပြုကြပြီး လှေသမ္ဗာန် (၂၄၄) စီး၊ စက်လှေ (၃၈) စီး၊ စက်ဘီး (၁၂၀) စီး၊ မော်တော်ဆိုင်ကယ် (၉၇) စီးနှင့် ကား (၆) စီးတို့ကို အသုံးပြုလျက်ရှိပါသည်။ ကျေးရွာတွင် ဆိပ်ကမ်း၌ ၃၀'×၁၀'×၆' ရှိ ဆိပ်ခံတံတား (၁) စင်းနှင့် (၁၅၀'×၆'×၈') ရှိ ကွန်ကရစ်တံတား (၁) စင်း ရှိပါသည်။

ကျေးရွာသည် မဟာဓာတ်အားလိုင်းနှင့် အလွန်မဝေးကွာသော်လည်း လျှပ်စစ်မီး မရရှိသေးပါ။ ရွာတွင်းရှိ အိမ်အများစုသည် ဆိုလာစနစ်များကို အသုံးပြုကြသည်။ ဒီဇယ်အင်ဂျင်သုံး၍ မီးရရှိအောင် အသုံးပြုသူများလည်းရှိသည်။ အချို့သည် ငွေ (၁၀၀) ပေး၍ ဘက်ထရီအိုးခြောက်ကလေးများ ငှားရမ်းကာ တစ်ညတာ မီးလင်းနိုင်ရေးအသုံးပြုကြသည်။ ထို့ကြောင့် ကျေးရွာမှ လျှပ်စစ်မီးအသုံးပြုနိုင်ရန် လိုလားနေကြပြီး သက်ဆိုင်ရာအဖွဲ့အစည်းများမှ ဆောင်ရွက်ပေးရန် လိုအပ်လျှက်ရှိပါသည်။

ကျေးရွာတွင် မိုဘိုင်းဖုန်းဆက်သွယ်ရေးကို ဈေးကွက်နှင့် အခြားလူမှုဝန်ဆောင်မှုလုပ်ငန်းများအတွက် လက်လှမ်းမှီအသုံးပြုနိုင်ကြသည်။ အိမ်တိုင်းနီးပါးမျှ လက်ကိုင်ဖုန်းအသုံးပြုနေကြပြီဖြစ်သည်။ ကျေးရွာတွင် အင်တာနက်အသုံးပြုနိုင်မှုကောင်းမွန်ပြီး အခြား သတင်းအချက်အလက်များကို အချိန်နှင့်တပြေးညီ ရယူနိုင်ကြသည်။ ကျေးရွာတွင် စာကြည့်တိုက်သီးသန့်မရှိသော်လည်း ကျေးရွာရှိ အထက်တန်းကျောင်းတွင် စာကြည့်တိုက်ရှိပြီး ကျေးရွာသားများပါ ငှားရမ်းဖတ်ရှုနိုင်ကြပါသည်။ သတင်းစာ၊ ဂျာနယ်များ ဝယ်ဖတ်ကြပြီး တစ်ရွာလုံးအတိုင်းအတာဖြင့် တယ်လီဖုန်းနှင့် သတင်းဆက်သွယ်ရေးမှာ ကောင်းမွန်ကြောင်း တွေ့ရှိရပါသည်။

## (ဈ) တည်ငြိမ်အေးချမ်းမှုနှင့်ပြည်သူ့လုံခြုံရေး

ကျေးရွာတွင် ရာဇဝတ်မှုခင်း ဖြစ်ပွားမှုနည်းပါးပြီး တည်ငြိမ်အေးချမ်းမှုကြောင့် ကုန်စည်ကူးသန်းရောင်းဝယ်မှုကို ချောမွေ့စေသည်။ ကျေးရွာတွင် သဘာဝဘေးအန္တရာယ် လျော့ပါးရေးအစီအစဉ် သီးသန့်ရေးဆွဲထားခြင်းမရှိပါ။ ရွာသားများသည် ကျေးရွာအတွင်းရှိ ကန်ရွာတိုက်နယ်ရဲစခန်းသို့

အလွယ်တကူ ချိတ်ဆက်နိုင်ပြီး ကျေးရွာတွင်ရာဇဝတ်မှု ဖြစ်ပွားခြင်းနည်းပါးသည်။

## ၅။ ဖွံ့ဖြိုးရေးအတွက် အထောက်ပံ့ဖြစ်စေမည့် အခြေနေကောင်းများ၊ အဟန့်အတားနှင့် စိန်ခေါ်မှုများ

### (က) ဖွံ့ဖြိုးရေးအတွက် အထောက်ပံ့ဖြစ်စေမည့် အခြေနေများ

ကန်ရွာကျေးရွာသည် ပထဝီဝင်အနေအထားအရ မြေပြန့်ဒေသတွင်တည်ရှိပြီး ပုသိမ်-ငပုတော ဆက်သွယ်ရေး ကားလမ်းမကြီးနှင့် (၅) မိုင်ခန့်အကွာ ငဝန်မြစ် ကမ်းနံဘေးတွင် တည်ရှိပါသည်။ လမ်းပန်းဆက်သွယ်ရေးမှာ အသင့်အတင့်ကောင်းမွန်ပြီး ရေလမ်းနှင့် ကုန်းလမ်းကိုပါ တစ်နှစ်ပတ်လုံး အသုံးပြုနိုင်ပါသည်။

ကျေးရွာတွင် ဈေးဆိုင်ကြီးများ၊ ကုန်စုံဆိုင်လေးများရှိသဖြင့် ရွာတွင်းရှိ ဈေးတွင် အလွယ်တကူ ဝယ်ယူရရှိနိုင်ပြီး ပစ္စည်းစုံလင်စွာရရှိနိုင်ပေသည်။ အရေးပေါ်လိုအပ်ပါက ပုသိမ်မြို့မဈေးသို့ အလွယ်တကူ သွားရောက် ဝယ်ယူရရှိနိုင်ပေသည်။

ကျေးရွာတွင် လျှပ်စစ်မီး မရရှိ၍ အိမ်ထောင်စုအများစုသည် ဆိုလာစနစ်များကို အသုံးပြုကြပါသည်။ ချက်ပြုတ်စားသောက်ရာတွင် ထင်းမီးကိုသာအသုံးပြုကြရပြီး ချို့တဲ့သောအိမ်ထောင်စုရှိ ကျောင်းသူ/ သားများ၏ စာဖတ်ချိန်တွင် ဖယောင်းတိုင်မီးကိုသာ အသုံးပြုကြရသည်။ အချို့ အိမ်ထောင်စုတွင် ဒီဇယ်မီးနှင့် ဆိုလာမီးများ ဝယ်ယူအသုံးပြုနိုင်ကြသဖြင့် ကျောင်းသူ/ သားများ၏ စာဖတ်ချိန် ကို အထောက်အပံ့ဖြစ်ခြင်း၊ အားလပ်ချိန်များတွင် ဗဟုသုတရဖွယ် သုတ၊ ရသနှင့် သတင်း အစုံအလင်အား တီဗွီဖန်သားပြင်မှ ကြည့်ရှုနိုင်ကြပါသည်။

လူဦးရေအားလုံး၏ ၇၅.၃% မှာ အလုပ်လုပ်နိုင်သည့် အရွယ်များဖြစ်ကြသည်။ ဘွဲ့ရ အရေအတွက် အသင့်အတင့်ရှိပြီး ကျွမ်းကျင်မှုနှင့် သက်မွေးဝမ်းကျောင်းသင်တန်းများကို လူငယ်များအား လေ့ကျင့်သင်ကြားပေးခြင်းဖြင့် လူသားအရင်းအမြစ်များကို တိုးတက်ကောင်းမွန်လာစေနိုင်ပါမည်။ ကျေးရွာလူထု၏ ကျန်းမာရေးအခြေအနေမှာ ယေဘုယျအားဖြင့်ကောင်းမွန်ပြီး ကျန်းမာရေးဝန်ဆောင်မှုများနှင့် လက်လှမ်းမှီနိုင်ကြသည်။ ကျေးရွာသားများအနေဖြင့် စိုးရိမ်ရသောဆေးဝါးကုသလိုမှုအတွက်လည်း ကန်ရွာတိုက်နယ်ဆေးရုံနှင့် ပုသိမ်ဆေးရုံကြီးသို့ သွားရောက်ပြီး ဆေးကုသမှုများခံယူနိုင်ကြသည်။

ကျေးရွာအတွင်းတွင် ပြင်ပနှင့်ကျေးရွာအတွင်းမှ ဖွဲ့စည်းထားသော လူထုအခြေပြုအဖွဲ့အစည်း အသင့်အတင့်ရှိပြီး အဖွဲ့များ၏ လုပ်ငန်းလည်ပတ်မှုမှာ အသင့်အတင့်ကောင်းမွန်ကြပေသည်။ ပြင်ပ

ပုဂ္ဂလိကငွေချေးအဖွဲ့များ၊ အစိုးရဌာနများနှင့် အချိတ်အဆက် အားကောင်းမှုရှိပြီး ထိုအထောက်အပံ့များဖြင့် ကျေးရွာအတွက် လယ်ယာလုပ်ငန်းလုပ်ကိုင်ဆောင်ရွက်မှုနှင့် အခြား အသေးစားလုပ်ငန်းများ လုပ်ကိုင်ဆောင်ရွက်ရန် အထောက်အပံ့ကောင်းများ ဖြစ်လာစေရေးမျှော်လင့်ပါသည်။ စိုက်ပျိုးရေးဦးစီးဌာနမှလည်း စိုက်ပျိုးရေးနှင့်ပတ်သက်သော ခေတ်မီနည်းပညာပေးစနစ်များ လာရောက်ပို့ချပေးရန် ကျေးရွာမှ တောင်သူများက မျှော်လင့်နေကြပါသည်။

သဘာဝအရင်းအမြစ်များတွင် လယ်မြေများသည် မြေပြန့်ဖြစ်ပြီး မြေဆီသြဇာ အတော်အသင့်ကောင်းမွန်သည်။ တောင်သူများလည်း လယ်ယာထွက်ကုန်များကို အလွယ်တကူ သယ်ယူပို့ဆောင်ရောင်းချနိုင်ပြီး ဈေးကွက်မှာ အသင့်အတင့်ကောင်းမွန်ပါသည်။ စပါးကို အဓိကစိုက်ပျိုးကြပြီး ရေငန်ဝင်ရောက်ချိန်များရှိသဖြင့် တစ်နှစ်ပတ်လုံးရေချို မရရှိပါ။ ရေချိုရရှိချိန်တွင် မြောင်းရေ၊ ချောင်းရေများကို အသုံးပြု၍ သီးနှံစိုက်ပျိုးပါသည်။

ကျေးရွာတွင် ရာဇဝတ်မှုခင်းဖြစ်ပွားမှုနည်းပါးပြီး တည်ငြိမ်အေးချမ်းမှုကြောင့် ကုန်စည်ကူးသန်းရောင်းဝယ်မှုကိုချောမွေ့စေသည်။ ကျေးရွာတွင် မိုဘိုင်းဖုန်းဆက်သွယ်ရေးကို ဈေးကွက်နှင့် အခြားလူမှုဝန်ဆောင်မှုလုပ်ငန်းများအတွက် လက်လှမ်းမီအသုံးပြုနိုင်ကြသည်။ အင်တာနက် အသုံးပြုမှုကောင်းမွန်ပြီး သတင်းအချက်အလက်များကို အချိန်နှင့် တပြေးညီ ရယူနိုင်ကြသည်။

လူမှုရေးပရဟိတအသင်းအဖွဲ့များ ရှိပြီး ကျန်းမာရေးနှင့် အခြားလူမှုရေး ကိစ္စအဝဝတွင် ကူညီဆောင်ရွက်မှုများရှိပါသည်။ ကျေးရွာရှိလူငယ်များမှာလည်း လိုအပ်လျှင်လိုအပ်သလို ကူညီဆောင်ရွက်ပေးကြသည်။ အလုပ်အကိုင်အခွင့်အလမ်းနှင့်ပတ်သက်ပြီး ပုသိမ်မြို့၊ ရန်ကုန်မြို့များတွင် သွားရောက်လုပ်ကိုင်နိုင်ကြသည်။

## (ခ) အဟန့်အတားနှင့် စိန်ခေါ်မှု

ကျေးရွာအနေအထားအရ ယေဘုယျအားဖြင့် အဟန့်အတားစိန်ခေါ်မှု အများအပြားမရှိပါ။ ကျေးရွာတွင် ကျေးရွာအခြေပြုအဖွဲ့အစည်းများ အနည်းငယ်ရှိပြီး အဖွဲ့များကြားတွင် ပူးပေါင်းပါဝင်ဆောင်ရွက်မှုရှိသော်လည်း ခေါင်းဆောင်မှုအပိုင်းနှင့် ညှိနှိုင်းဆောင်ရွက်မှုအပိုင်းတွင် စနစ်ကျမှု အနည်းငယ်အားနည်းကြောင်းတွေ့ရှိရသည်။

စိုက်ပျိုးမြေတိုးချဲ့နိုင်မှုနှင့်ပတ်သက်ပြီး မြေလွတ်မြေရိုင်းများ ထပ်မံမတိုးချဲ့နိုင်တော့ပဲ လက်ရှိမြေပေါ်တွင် ထုတ်လုပ်မှုတိုးမြှင့်ရန် ဆောင်ရွက်ကြသည်။ သီးနှံပိုးမွှားများ၊ ရောဂါများကျရောက်မှုအန္တရာယ်၊ ကြွက်ဖလောင်းအန္တရာယ်တို့နှင့်ရင်ဆိုင်ရပြီး လယ်ယာစိုက်ပျိုးရေးအတွက် အထွက်နှုန်းလျော့ကျသည့် အန္တရာယ်များရှိပါသည်။

ကျေးရွာတွင် မူလတန်းကျောင်းနှင့် အထက်တန်းကျောင်းရှိပြီး စာသင်ကျောင်းဆောင်မှာ အရည်အသွေး အသင့်အတင့် ကောင်းမွန်ပါသည်။ ကျန်းမာရေးအတွက် အရေးပေါ်ကိစ္စရပ်များတွင် (၂၀) မိုင်ခန့်ဝေးသော ပုသိမ်မြို့မဆေးရုံကြီးသို့ သွားရောက်ကုသရသဖြင့် အချိန်ကြာမြင့်မှုရှိတတ်ပေသည်။

ကျေးရွာတွင် ဆက်သွယ်ရေးလမ်းမကြီးကို တစ်ဖက်ကမ်းသို့ ကူးပြီးမှသာ ရောက်ရှိသဖြင့် ကျေးရွာတွင်းမှ မြို့ပြနှင့် ဆက်သွယ်ရာတွင် အသုံးပြုသော ကား၊ ဆိုင်ကယ်များမှာ ကျေးရွာသို့ တိုက်ရိုက်မရောက်နိုင်ဘဲ တစ်ဖက်ကမ်းတွင်သာ ထားရပါသည်။ ထို့ကြောင့် ကား၊ ဆိုင်ကယ်များအား ထိန်းသိမ်းစောင့်ရှောက်နိုင်မှု အားနည်းသည်ကို တွေ့ရပါသည်။

## ၆။ ပန်းတိုင်နှင့် မဟာဗျူဟာ

### (က) ဖွံ့ဖြိုးရေးပန်းတိုင်

ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ အဖွဲ့နှင့် တိုင်ပင်ညှိနှိုင်းပြီးလာမည့် ငါးနှစ်တာကာလအတွက် ကျေးရွာဖွံ့ဖြိုးရေးပန်းတိုင်များကို အောက်ပါအတိုင်း ချမှတ်ထားပါသည်။

က.၁) ကျွန်ုပ်တို့ကျေးရွာလူထုသည် စိုက်ပျိုးထုတ်ကုန်ထုတ်လုပ်မှုမြင့်တင်ခြင်း၊ ကျေးရွာတွင်းလမ်းနှင့် ရွာချင်းဆက်လမ်းများ ပိုမိုကောင်းမွန်လာအောင်တိုးချဲ့ဖန်တီးခြင်း၊ အလုပ်အကိုင်များဖန်တီးခြင်း၊ သက်မွေးပညာသင်တန်းများရရှိခြင်းမှတစ်ဆင့် ဝင်ငွေရှာဖွေနိုင်စွမ်းနှင့် စီးပွားရေးအနေအထားကို တိုးတက်ရရှိစေမည်။

က.၂) ကျွန်ုပ်တို့ရွာလူထုသည် ပညာရေးဝန်ဆောင်မှု၊ ကျန်းမာရေးဆိုင်ရာဝန်ဆောင်မှုနှင့် ကျေးရွာအခြေခံအဆောက်အဦများကို တိုးတက်ကောင်းမွန်လာအောင် ဆောင်ရွက်ခြင်းဖြင့် ကျေးရွာသူ/ သားများ ပညာရည်မြင့်မားပြီး လူသားဆိုင်ရာစွမ်းဆောင်ရည်နယ်ပယ်ကို ကျယ်ဝန်းလာစေကာ လူနေမှု ဘဝတိုးတက်ကောင်းမွန်လာစေရမည်။

က.၃) ကျွန်ုပ်တို့ရွာလူထုသည် အသက်မွေးဝမ်းကျောင်းနှင့် စီးပွားရေးအုပ်စုများဖွဲ့စည်းပြီး ကျေးရွာအခြေပြုအဖွဲ့အစည်းများ၏ စွမ်းဆောင်ရည်မြင့်မားလာမှုမှတဆင့် ဖွံ့ဖြိုးရေးစီမံခန့်ခွဲမှုယန္တရား တိုးတက်လာစေရမည်။

က.၄) ကျွန်ုပ်တို့ကျေးရွာရှိ လူငယ်များ အရက်သေစာသောက်စားမှုလျော့နည်းပြီး တွေးခေါ်မြော်မြင်မှုနှင့် ယဉ်ကျေးမှု ပိုမိုမြင့်မားလာစေရမည်။

## (ခ) အကောင်အထည်ဖော်နည်းဗျူဟာ

ကျွန်ုပ်တို့သည် အထက်တွင်ဖော်ပြထားသော ကျေးရွာဖွံ့ဖြိုးရေးပန်းတိုင်များကို ရောက်ရှိရန် အောက်ပါအကောင်အထည်ဖော်မှုများကို ဆောင်ရွက်သွားကြမည် -

ခ.၁) ကျေးရွာတွင် အရင်းအနှီးချေးငွေ၊ လယ်ယာသုံး စက်ကိရိယာ အသုံးပြုနိုင်ရေးနှင့် နည်းပညာ အသုံးချနိုင်စွမ်း ရရှိရေးတို့ကို ဆောင်ရွက်ပြီး စိုက်ပျိုးရေးနှင့် မွေးမြူရေး လုပ်ငန်းများကို တိုးချဲ့ဆောင်ရွက်သွားမည်။ အသေးစားငွေကြေးလုပ်ငန်းနှင့် ချေးငွေများ အတိုးနှုန်းသက်သာစွာဖြင့် ပိုမိုရရှိစေရန်အတွက် မြို့နယ်ရှိဘဏ်များ၊ ပုဂ္ဂလိက ရင်းနှီးငွေရရှိနိုင်ရာ အခြားနေရာများနှင့် ချိတ်ဆက်ဆောင်ရွက်သွားမည်ဖြစ်ပြီး အရင်းအနှီးငွေ ရရှိပါက စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းများအတွက် ခွဲဝေချထား ပေးမည်။

ခ.၂) ကျွန်ုပ်တို့သည် အသက်မွေးဝမ်းကျောင်းဆိုင်ရာသင်တန်းများ တက်ရောက်နိုင်ရန် သက်ဆိုင်ရာဌာနများ၊ အဖွဲ့အစည်းများနှင့်ချိတ်ဆက်၍ သင့်တော်သောသင်တန်းသား များကို ရွေးချယ်စီစဉ်ပေးမည်။ ထိုသင်တန်းများသည် သင်တန်းသားများအတွက် ကျွမ်းကျင်မှုများကို တိုးပွားရရှိစေပြီး ဝင်ငွေရလုပ်ငန်းများ ထူထောင်တိုးချဲ့နိုင်ရန် အထောက်အကူပြုပေမည်။

ခ.၃) ကျေးရွာတွင် လမ်းပန်းဆက်သွယ်ရေး တိုးတက်ကောင်းမွန်ရေးအတွက် ဆောင်ရွက် သွားမည်။ ကျေးရွာလူမှုအဖွဲ့အစည်းများနှင့် ကျေးရွာအခြေပြုလုပ်ငန်းများကို အကောင်အထည်ဖော် စီမံခန့်ခွဲနိုင်ရန် ခေါင်းဆောင်မှုစွမ်းရည်များ ပိုမိုရရှိအောင် ဆောင်ရွက်ရန် တိုက်တွန်းအားပေးဆောင်ရွက်မည်။

## ၇။ ကျေးရွာဖွံ့ဖြိုးတိုးတက်မှုကိစ္စရပ်များနှင့် ဗဟိုအဆင့်မူဝါဒများအကြား အစီအစဉ်ကျသော ချိတ်ဆက်မှုများ

အစိုးရ၏မူဝါဒနှင့် လုပ်ငန်းအစီအစဉ်တို့ကို ရင်းနှီးကျွမ်းဝင်ပြီးသော အစိုးရဌာနဆိုင်ရာများ နှင့် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ နည်းပညာအကြံပေးအဖွဲ့တို့၏ အကြံပြုချက် အရပြုစုဖော်ပြထားပါသည်။ ဤအဖွဲ့အစည်းများအနေဖြင့် နိုင်ငံတော်အဆင့်မှသည် ဒေသဆိုင်ရာ အဆင့်၊ ထိုမှတစ်ဆင့် ကျွန်ုပ်တို့ကျေးရွာအဆင့်ထိ ပံ့ပိုးမှုပေးနိုင်မည့် အစိုးရဌာနများနှင့် အဖွဲ့အစည်း များကို ရှာဖွေဖော်ထုတ်ပေးနိုင်ကြပါမည်။

### (က) ကျေးရွာဖွံ့ဖြိုးရေးရည်မှန်းချက်ရေးဆွဲခြင်းနှင့် ပုံမှန်စိစစ်ခြင်း

ဤကျေးရွာဖွံ့ဖြိုးရေး အစီအစဉ်လုပ်ငန်းအား နည်းပညာအထောက်အပံ့များ ပံ့ပိုးပေးမှုသည် အလွန်အရေးပါပါသည်။ အနာဂါတ်တွင်လည်း ရေရှည်တည်တံ့မည့်အထောက်အပံ့များကို နိုင်ငံတော် အစိုးရထံမှရရှိမည်ဟုမျှော်လင့်ပါသည်။ ကျွန်ုပ်တို့ကျေးရွာသားများကိုယ်တိုင် အားထုတ်လုပ်ကိုင် ရရှိခဲ့မှုများကို ပြန်လည်စိစစ်ခြင်း၊ နောက်ဆုံးအတည်ပြုထားသည့် ဖွံ့ဖြိုးရေးအစီအစဉ်များကိုလည်း သတ်မှတ်ကာလအတိုင်း ပုံမှန်စိစစ်သွားနိုင်ပါမည်။ အရေးကြီးသည့်အချက်မှာ ဦးစားပေးစီမံချက် များနှင့် ဘတ်ဂျက်ပမာဏပါဝင်သည့် နှစ်ပတ်လည်ဖွံ့ဖြိုးရေးစီမံချက်ပြင်ဆင်ရန်ဖြစ်သည်။

### (ခ) ကျေးရွာတွင်းလမ်း၊ ကျေးရွာချင်းဆက်လမ်းအဆင့်မြှင့်ပြုပြင်ခြင်းနှင့် လျှပ်စစ်မီးရရှိနိုင်ရန် ဆောင်ရွက်ခြင်း

ကျေးရွာတွင်းမှ မြို့ပြနှင့် ဆက်သွယ်ရာတွင် အသုံးပြုသော ကား၊ ဆိုင်ကယ်များမှာ ကျေးရွာ သို့ တိုက်ရိုက်မရောက်နိုင်ဘဲ တစ်ဖက်ကမ်းတွင်သာထားရသဖြင့် ထိန်းသိမ်းစောင့်ရှောက်နိုင်မှု အားနည်းသည်ကို တွေ့ရပါသည်။ အဆိုပါ ကား၊ ဆိုင်ကယ်များအား ဇက်ဖြင့် သယ်ဆောင်နိုင်ပါက ပိုမို အဆင်ပြေနိုင်မည်ဖြစ်ပါသဖြင့် ဇက် ကူးနိုင်ရန် ဇက်ဆိပ် လိုအပ်လျက်ရှိပါသည်။ ကျေးရွာသည် မဟာဓာတ်အားလိုင်းနှင့် အနည်းငယ်ကွာဝေးသဖြင့် လျှပ်စစ်မီး မရရှိပါ။ လျှပ်စစ်မီး ရရှိပါက ကျေးရွာ ၏ လူနေမှုအဆင့်အတန်းမြင့်မားလာနိုင်ပြီး ကျောင်းသား/ သူများ အတွက် စာဖတ်ချိန်များတွင် အထောက်အကူများစွာပြုနိုင်မည်ဖြစ်မည်။

### (ဂ) အသက်မွေးဝမ်းကျောင်းဆိုင်ရာလုပ်ငန်းများဖန်တီးပေးရေး

ကျေးရွာတွင် ပညာမတတ်သောလူငယ်အချို့မှာ မိမိဘဝတိုးတက်ရာ အာမခံချက်ပေးနိုင်သော လုပ်ငန်းများပေါ်တွင် အာရုံစိုက်မှုနည်းပြီး ဂိမ်းကစားခြင်း၊ လက်ဖက်ရည်ဆိုင်ထိုင်ခြင်းတို့ဖြင့် အချိန် ကုန်ဆုံးနေတက်ပါသည်။ ထိုနည်းတူစွာပင် လက်လုပ်လက်စား ကျပမ်းလုပ်ကိုင်သူများမှာလည်း လုပ်ငန်းအတည်တကျမရှိဘဲ၊ ရာသီပေါ်သီးနှံများပေါ်တွင်သာ ကျပမ်းအဖြစ် လုပ်ကိုင်စားသောက် နေကြရပြီး စက်ကိရိယာများ အသုံးပြုသည့် ရိတ်သိမ်းချိန်ကာလတွင် အလုပ်အကိုင်ရှားပါးတက်ပါ သည်။ ထိုသူများအတွက် သင့်တော်သော အသက်မွေးဝမ်းကျောင်းဆိုင်ရာ အတတ်ပညာများရရှိ အောင် ကျေးလက်ဦးစီးဌာနမှ သက်ဆိုင်ရာပြင်ပအဖွဲ့များနှင့် ချိတ်ဆက်ပြီး ကူညီဆောင်ရွက်ပေးစေ လိုပါသည်။

## ၈။ စီမံကိန်း၊ စီမံချက်များနှင့် အကောင်အထည်ဖော်ဆောင်ရွက်မှု အချိန်ကာလ

ဗျူဟာဆိုသည်မှာ ချမှတ်ထားသော ပန်းတိုင်များကို ရောက်ရှိရန် အကောင်ထည်ဖော်မည့် နည်းလမ်းဖြစ်သည်။ နည်းလမ်းဆိုသည်မှာ မည်သည့်စီမံချက်များကို မည်သို့အကောင်ထည်ဖော်မည် ဆိုသည့်သဘောပင်ဖြစ်သည်။ ထို့ကြောင့် စီမံချက်များသည် ချမှတ်ထားသော ပန်းတိုင်များကိုရောက် ရှိရန် ငါးနှစ်တာစီမံချက်ကာလအတွင်းပါဝင်မည့် ဖွံ့ဖြိုးရေးလုပ်ငန်းအကောင်အထည်ဖော်မှုဆိုင်ရာ အဓိကသော့ချက်များဖြစ်သည်။

### (က) နှစ်ပတ်လည်ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်

ကျေးရွာလူထုက ငါးနှစ်တာအတွက် စီမံကိန်းရေးဆွဲစဉ်အချိန်က ဦးစားပေးအစီအစဉ်ချခဲ့သော စီမံကိန်းများသည် ငါးနှစ်တာလုံးအတွက် ပြီးပြည့်စုံပြီဟုမဆိုနိုင်ပါ။ ဦးစားပေးစီမံကိန်းအချို့ကို ရှေ့ပိုင်း နှစ်များတွင် ဆောင်ရွက်နေစဉ် နောက်ထပ်ဦးစားပေးစီမံကိန်းအသစ်များပေါ်လာပါမည်။ ပုံမှန်အားဖြင့် စနစ်တကျရေးဆွဲထားသော ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ် မူဘောင်သည် သဘာဝဘေးအန္တရာယ် ဆိုးဆိုးဝါးဝါးမကျပါက ပြောင်းလဲမှုသိသိသာသာမရှိနိုင်ပဲ နောက်တိုးဦးစားပေးစီမံကိန်း လုပ်ငန်းအချို့ ကို နှစ်ပတ်လည်ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်တွင် ထည့်သွင်းခြင်းအားဖြင့် အစဉ်သဖြင့် ငါးနှစ်တာ စီမံချက်တစ်ခု အသင့်အနေအထားတွင် ရှိနေပါမည်။

### (ခ) ကဏ္ဍနှင့် ရင်းနှီးမြှပ်နှံမှုအမျိုးအစားကို အခြေခံ၍ စီမံချက်ကို အုပ်စုခွဲခြားခြင်း

စီမံကိန်းများကို မည်သည့်ဝန်ကြီးဌာန၊ ဦးစီးဌာနနှင့် သက်ဆိုင်သည်ဟု လုပ်ငန်းကဏ္ဍဆိုင်ရာ အရခွဲခြားခြင်း (Functional classification) နှင့် စီးပွားရေးအကျိုးဖြစ်ထွန်းမှုနှင့် အကျိုးသက်ရောက် မှုဆိုင်ရာ ရင်းနှီးမြှပ်နှံမှုကိုအခြေခံ၍ အုပ်စုသတ်မှတ်ခြင်း (Economic classification) ဟူ၍ နှစ်မျိုး ရှိသည်။

*လုပ်ငန်းကဏ္ဍကို အခြေခံ၍ စီမံကိန်းအုပ်စုသတ်မှတ်ခြင်း (Functional classification)* – ဝန်ကြီးဌာနများ၊ ဦးစီးဌာနများက ယင်းတို့၏လုပ်ငန်းတာဝန်များအလိုက် ဖော်ထုတ်ထားသော လုပ်ငန်းကဏ္ဍအပိုင်းအခြားများကို သိရှိစေနိုင်သည်။

*ရင်းနှီးမြှပ်နှံမှုအမျိုးအစားကိုအခြေခံ၍ စီမံကိန်းအုပ်စုသတ်မှတ်ခြင်း (Economic classification)* တွင်

- သာမန်အသုံးစရိတ်
- ငွေလုံးငွေရင်းအသုံးစရိတ်၊

- စွမ်းဆောင်ရည်မြှင့်တင်ရေးအသုံးစရိတ်
- လူသားချင်းစာနာမှုဆိုင်ရာ အထောက်အပံ့တို့ ပါဝင်သည်။

## (ဂ) ဦးစားပေးစီမံချက်များ

စီမံချက်များအလိုက် ဦးစားပေးအစီအစဉ်များကို ဇယားဖြင့်ဖော်ပြထားပါသည်။ ကျေးရွာလူထုသည် နှစ်သက်ရာအမှတ်ပေးအဆင့်ခွဲခြင်းစနစ်ဖြင့် ရွာလုံးကျွတ်အစည်းအဝေးတွင် စီမံချက်များ ဦးစားပေးအစီအစဉ်ကို ဖော်ထုတ်ထားပါသည်။ တချို့စီမံချက်များကို ရေးဆွဲရာတွင် မြို့နယ်အဆင့် ဌာနဆိုင်ရာအဖွဲ့အစည်းများနှင့် အခြားအေဂျင်စီများထံမှ နည်းပညာအကူအညီများရရှိရန်လည်းလိုအပ်ပါသည်။ ကျေးရွာဖွံ့ဖြိုးရေးအစည်းအဝေးတွင် သဘောတူသတ်မှတ်ထားသော ဦးစားပေးစီမံချက်လုပ်ငန်းများမှာ အောက်ပါအတိုင်း ဖြစ်ပါသည်။

ဧရာဝတီတိုင်းဒေသကြီး၊ ကန်ကြီးထောင့်မြို့နယ်၊ ကန်ရွာကျေးရွာ၊ ဦးစားပေးစီမံချက်များ

| ကဏ္ဍ/ ကဏ္ဍခွဲ | စီမံချက် | ရမှတ်ပေါင်း | ဦးစားပေးအဆင့် | ဖော်ပြချက် | မှတ်ချက် |
|---|---|---|---|---|---|
| *အခြေခံအဆောက်အဦ* | | | | | |
| | ၁။ လမ်းပန်းဆက်သွယ်ရေး ပိုမိုတိုးတက် ကောင်းမွန်အောင် ဆောင်ရွက်ခြင်း | ၁၀၀ | ၁ | - ဇက်ဆိပ် တည်ဆောက်ပေးရန်၊ | ကျေးလက်ဦးစီး |
| | ၂။ လမ်းပန်းဆက်သွယ်ရေး ပိုမိုတိုးတက် ကောင်းမွန်အောင် ဆောင်ရွက်ခြင်း | ၉၉ | ၂ | - ရွာချင်းဆက်လမ်းဟောင်းများ ပြုပြင်ရန် | |
| *လူငယ်ဖွံ့ဖြိုးရေး* | | | | | |
| | ၃။ သက်မွေးဝမ်းကျောင်း နည်းပညာများ ပြန့်ပွားစေရေး၊ လူငယ်များ ဖွံ့ဖြိုးတိုးတက်ရေး | ၉၇ | ၃ | - စာကြည့်တိုက် တည်ဆောက်ရန် | ကျေးလက်ဦးစီးဌာန၊ ပညာရေးဦးစီးဌာန |

### (ဃ) အကောင်အထည်ဖော်မည့် အချိန်ကာလ

အောက်ပါဇယားတွင် လုပ်ငန်းစတင်ရန်၊ ပြီးဆုံးရန် ခန့်မှန်းဖော်ပြထားသည့် ဦးစားပေး စီမံချက်များ၏ အချိန်ဇယားကို ဖော်ပြထားပါသည်။ ဤအစီအစဉ်ကို နှစ်အလိုက် လိုအပ်သလိုဖြည့်စွက်ပြင်ဆင်ပြီး နှစ်ပတ်လည်ကျေးရွာဖွံ့ဖြိုးရေး စီမံချက်ရေးဆွဲရာတွင်လည်း ထည့်သွင်းပေးမည်။

| စီမံချက် | အဆင့် | ၂၀၁၈ | ၂၀၁၉ | ၂၀၂၀ | ၂၀၂၁ | ၂၀၂၂ |
|---|---|---|---|---|---|---|
| ၁။ ဇက်ဆိပ် တည်ဆောက်ပေးရန် | ၁ | —— | | | | |
| ၂။ ရွာချင်းဆက်လမ်းဟောင်းများ ပြုပြင်ရန် | ၂ | | —— | | | |
| ၃။ စာကြည့်တိုက် တည်ဆောက်ရန် | ၃ | | | —— | | |

## ၉။ ဘတ်ဂျက်နှင့်ငွေကြေးဆိုင်ရာအစီအစဉ်

အောက်ပါဇယားတွင် ဖော်ပြထားသောစီမံချက်အလိုက် ဘတ်ဂျက်ပမာဏများသည် ရည်ညွှန်းနမူနာ (indicative) အဖြစ် ကိုးကားရန်သာဖြစ်ပါသည်။ အမှန်တကယ်လိုအပ်သော ဘတ်ဂျက်ပမာဏတွက်ချက်နိုင်ရန် အသေးစိတ်ဆက်လက်၍ ဆောင်ရွက်ရမည်ဖြစ်ပါသည်။ ကျေးရွာဖွံ့ဖြိုးရေးကော်မတီသည် အချို့စီမံချက်များကိုရေးဆွဲရာတွင် မြို့နယ်အဆင့်ဌာနဆိုင်ရာအဖွဲ့များအစည်းများနှင့် ဝန်ဆောင်မှုပေးသည့် လုပ်ငန်းရှင်များထံမှ ဘတ်ဂျက်အပါအဝင် စီမံချက်ပြုစုရေးဆွဲရေး အကူအညီများရရှိရန်လည်းလိုအပ်ပါသည်။ ဖော်ပြထားသော ရည်ညွှန်းဘတ်ဂျက်ပမာဏတွင် ကျေးရွာလူထု၏ ငွေသားမဟုတ်သော ထည့်ဝင်မှုများကို ထည့်သွင်းဖော်ပြထားခြင်းမရှိပါ။ (ငွေသားမဟုတ်သော ထည့်ဝင်မှု၊ ဥပမာ လုပ်အား၊ သဲ၊ ကျောက်၊ ပစ္စည်းကိရိယာ၊ အချိန် စသည်)

### စီမံချက်ဘတ်ဂျက်

